မြဝတီ
နေ့စဉ်
တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကိုဖော်ဆောင်ပေးသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၇)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
၂၀၂၅ ခုနှစ်၊ မေ ၅ ရက်၊ တနင်္လာနေ့


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# ဝန်ကြီးဌာနများမှ ယာယီရုံးခန်းများကို Modular House များဖြင့် တည်ဆောက်ထားရှိမှု၊ ယာယီဝန်ထမ်းအိမ်ရာများဆောက်လုပ်ပြီးစီးမှုအခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနများမှ ယာယီရုံးခန်းများကို Modular House များဖြင့် တည်ဆောက်ထားရှိမှု၊ ယာယီဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေမှုနှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေများ၊ ဆောက်လုပ်ပြီးစီးသည့် ယာယီဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများ နေထိုင်လျက်ရှိသည့် အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ဆောက်လုပ်ပြီးစီးသည့် ယာယီဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၅ ရက်)

# စွန့်လွှတ်စွန့်စားမီးသတ်တပ်ဖွဲ့ဝင်များ

မြန်မာနိုင်ငံအတွင်းပေါ်ပေါက်ခဲ့သော အလွန်အင်အားပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် လူသားတို့၏အသက်အိုးအိမ်စည်းစိမ်များနှင့် အဆောက်အအုံများပျက်စီးဆုံးရှုံးခဲ့သည်။ အဆိုပါငလျင်ဖြစ်ပွားပြီးနောက် ပြည်တွင်းပြည်ပမှကူညီကယ်ဆယ်ရေးအဖွဲ့များ စဉ်ဆက်မပြတ်ရောက်ရှိလာကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နေ့မအားညမအားလုပ်ဆောင်ခဲ့ကြသည်။ ထိုသို့ကူညီကယ်ဆယ်ရေးဆောင်ရွက်သည့်အဖွဲ့များတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များသည်လည်း ပါဝင်ခဲ့ကြသည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များသည် မိမိတို့တာဝန်ကျရာဒေသများရှိ အဆောက်အအုံများတွင်ပိတ်မိနေသူများအား ကယ်ဆယ်ခြင်း၊ အဆောက်အအုံအတွင်းကျန်ရှိနေသောပစ္စည်းများအား ရှာဖွေခြင်းများကိုဆောင်ရွက်ခဲ့ကြသည်။ အဖိုးတန်လက်ဝတ်ရတနာများ၊ အရေးကြီးစာရွက်စာတမ်းများနှင့်အခြားပစ္စည်းများကို ပိုင်ရှင်များသို့ လက်ဝယ်အရောက် ရှာဖွေပေးနိုင်ခဲ့ကြသည့်အတွက် ပြည်သူတို့၏ဝမ်းသာကြည်နူးမှုများကိုမြင်တွေ့ရသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏သက်တမ်းသည်(၇၉)နှစ်သို့ရောက်ရှိပြီဟု ယနေ့ကာလတွင် မှတ်တမ်းတင်သော်လည်း သမိုင်းမှတ်တမ်းများအရ မြန်မာနိုင်ငံ၏မီးသတ်တပ်ဖွဲ့သမိုင်းသည် နှစ်ပေါင်း ၁၀၀၀ နီးပါးရှိခဲ့ကြောင်းဂုဏ်ယူဖွယ်တွေ့ရှိရသည်။ ပထမမြန်မာနိုင်ငံကို တည်ထောင်ခဲ့သော ပုဂံခေတ်အနော်ရထာမင်းတရားကြီးလက်ထက်တွင် မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းထားရှိသည်။ ကုန်းဘောင်ခေတ်အထိ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်ကို မီးဘေးမသင့်စေရန် မီးသတ်လုပ်ငန်းများကိုစနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သမိုင်းသည် နှစ်ပေါင်း ၁၀၀၀ နီးပါးရှိခဲ့ပြီဟုဆိုလိုခြင်းဖြစ်သည်။

ကိုလိုနီခေတ်တွင် အင်္ဂလိပ်နယ်ချဲ့တို့သည် သူတို့၏အကျိုးစီးပွားကိုကာကွယ်ရန်အတွက် မြူနီစီပယ်မီးသတ်တပ်ဖွဲ့များဖွဲ့စည်းခဲ့ကြသည်။ ထို့ကြောင့် မျိုးချစ်လူငယ်များသည် မိမိတို့၏ရပ်ရွာဒေသကို မီးဘေးအန္တရာယ်ကကာကွယ်ရန်အတွက် အမျိုးသားရေးစိတ်ဓာတ်နှင့်အပျော်တမ်းမီးသတ်အဖွဲ့များကိုဖွဲ့စည်းပြီး ကာကွယ်ခဲ့ကြသည်။ ၁၉၀၀ ပြည့်နှစ်နှောင်းပိုင်းကစပြီး စေတနာ့ဝန်ထမ်းအပျော်တမ်းမီးသတ်တပ်ဖွဲ့များကို တစ်နိုင်ငံလုံး မြို့နယ်အလိုက်ဖွဲ့စည်းခဲ့ကြသည်။ ၁၉၄၆ ခုနှစ် မေလ ၅ ရက်တွင် ရန်ကုန်မြို့ ကန်တော်ကလေးတွင်ရှိသည့် အမျိုးသမီးကျောင်း၌ တစ်နိုင်ငံလုံးတွင်ရှိသည့် မီးသတ်အဖွဲ့အစည်းများ၏ ပထမအကြိမ်ဗမာနိုင်ငံလုံးဆိုင်ရာစေတနာ့ဝန်ထမ်းမီးသတ်အစည်းအရုံးကြီးညီလာခံကိုကျင်းပနိုင်ခဲ့သည်၊ အဆိုပါညီလာခံသို့ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ ထိုညီလာခံကြီးကျင်းပခဲ့သည့် မေလ ၅ ရက်ကိုအစွဲပြုပြီး "မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့"အဖြစ် ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့်ရည်မှန်းချက်တာဝန်(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်မီးလောင်မှုများဖြစ်ပွားလျက်ရှိပေရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏အခန်းကဏ္ဍသည် ပြည်သူများအတွက်အလွန်ပင်အရေးပါလှသည်။ ရည်မှန်းချက်တာဝန်များတွင်ဖော်ပြထားသည့်အတိုင်း သဘာဝဘေးအန္တရာယ်များကျရောက်လာလျှင်လည်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များနှင့်အတူပူးပေါင်းကာ ကူညီကယ်ဆယ်ရေးများကို တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အား ခေတ်နှင့်အညီ ခေတ်မီစက်ကိရိယာများဖြည့်ဆည်းပေးထားသည့်အပြင် စွမ်းရည်ရှိသောမီးသတ်တပ်ဖွဲ့ဖြစ်အောင်လေ့ကျင့်ပြုစုပျိုးထောင်ပေးထားသည်။ အထူးသဖြင့် နိုင်ငံတကာမီးသတ်တပ်ဖွဲ့များနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန်၊ အနာဂတ်ကာလကိုမျှော်မှန်းပြီး အသွင်သဏ္ဍာန်သာမက အနှစ်သာရပိုင်းပါ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် Men Power, Equipment Power,Technological Power များနှင့် ဟန်ချက်ညီအောင် တည်ဆောက်လျက်ရှိသည်။ တပ်ဖွဲ့တစ်ခုရေရှည်ခိုင်မာစွာတည်ရှိရေးတွင် စည်းကမ်းကောင်းမွန်မှု၊ အမိန့်နာခံတတ်မှုတို့သည် အဓိကဖြစ်သည်။ စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံတတ်မှုရှိမှလည်း ပူးပေါင်းဆောင်ရွက်မှုအောင်မြင်မည်ဖြစ်သည်။ ယနေ့မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အောင်မြင်မှုများသည် တစ်ဦးချင်းစိတ်ဓာတ်ကောင်းခြင်း၊ စည်းကမ်းရှိခြင်း၊ ပူးပေါင်းဆောင်ရွက်မှုကောင်းခြင်းတို့ကြောင့်ဖြစ်သည်။ အောင်မြင်မှုရှိလာသည်နှင့်အမျှ ပြည်သူလူထု၏ ယုံကြည်အားကိုးမှုများသည်လည်း ပိုမိုရရှိလာသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ပင်မတာဝန်မှာ မီးဘေးအန္တရာယ်ကြုံတွေ့လာလျှင် လျင်လျင်မြန်မြန် ထိထိရောက်ရောက်မီးငြိမ်းသတ်နိုင်ရေးဖြစ်သည်။ လူအသင့်၊ ယာဉ်အသင့်၊ ရေအသင့်၊ ဆီအသင့်ဟူ၍ သင့်လေးသင့်ဖြင့် နေ့စဉ်အဆင်သင့်ရှိနေပါသည်။ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်ဆိုသည့်ဆောင်ပုဒ်ကိုလက်ကိုင်ထားရှိသည်။ မီးသတ်တပ်ဖွဲ့ဝင်များမှာ ခေတ်မီမီးငြိမ်းသတ်နည်းများ၊ အထပ်မြင့်အဆောက်အအုံတိုက်ခန်းများတွင် မီးငြိမ်းသတ်နည်းများနှင့် ယင်းတိုက်ခန်းများတွင် နေထိုင်သူများအား ကယ်တင်ခြင်းတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာလေ့ကျင့်ထားပြီးဖြစ်သည်။ မီးသတ်လုပ်ငန်းသည် အန္တရာယ်များသည့်အတွက် စွန့်လွှတ်မှုများ၊ စွန့်စားမှုများနှင့်အသက်နှင့်ခန္ဓာကိုပေးဆပ်ပြီးလုပ်ရသည့်လုပ်ငန်းဖြစ်သည်။ မိမိအလုပ်ကိုကျွမ်းကျင်မှုရှိရန်လိုပြီး ကျွမ်းကျင်အောင်လည်း အကြိမ်ကြိမ်လေ့ကျင့်နေကြသူများဖြစ်ပေရာ နိုင်ငံနှင့်ပြည်သူအတွက်အားကိုးရသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို ဂုဏ်ပြုပါကြောင်းရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

ညောင်ရွှေ မေ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မင်းချောင်းကျေးရွာအုပ်စု နွားခမမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို မေလ ၄ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက နွားခမမြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၄ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ကလောခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နွားခမမြောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၈ ဦးကို ထုတ်ချေးငွေကျပ် ၅၄ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူလေးဦးကို ထုတ်ချေးငွေကျပ် ၁ ဒသမ ၂ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူလေးဦးကို ထုတ်ချေးငွေကျပ် ၁ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ထုတ်ချေးငွေကျပ် ၅ ဒသမ ၈ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူလေးဦးကို ထုတ်ချေးငွေကျပ် ၁ ဒသမ ၁ သန်း စုစုပေါင်းချေးယူသူ ၁၄၄ ဦးကို ငွေကျပ် ၆၄ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်းသိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# သဇင်(FM)အသံလွှင့်အစီအစဉ်

၅-၅-၂၀၂၅(တနင်္လာနေ့)

| | |
|---|---|
| ၁။ ၀၉:၀၀ Sport News | ၄။ ၁၆:၄၀ I Music |
| ၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ Jumping For You | ၆။ ၂၂:၂၀ Goodnight Listeners |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

''၁၉၂၇ ခုနှစ်သည် တခြားအလုပ်များနှင့် ဘာသာပြန်အလုပ်မှ ဝင်ငွေတိုးကြောင့် ကျွန်ုပ်အဖို့မှာ အလွန်ဆူဖြိုးသောနှစ်တစ်နှစ်ဖြစ်၏။ ထိုနှစ်အတွက် ဝင်ငွေစုစုပေါင်းမှာ ၄၂၀၀ ကျပ်ရှိ၍ တစ်လလျှင် ၃၅၀ ကျပ်မျှတွက်ကိန်းကျ၏။ ထိုခေတ်က ငွေ ၃၅၀ ကျပ်သည် ဤခေတ်ငွေ ၁၅၀၀ ကျပ်၊ ၂၀၀၀ ကျပ်ခန့်နှင့်ညီမျှသောကြောင့် စာရေးဆရာတစ်ယောက်အဖို့၌ 'ဆူဖြိုးသောနှစ်'ဟု ခေါ်ခြင်းမှာ မမှားလှချေ . . .''

**ယမန်နေ့မှအဆက်**

ကိုဘလှိုင်မှာ ထိုစဉ်က မိတ်ဆွေပေါများသော လူတစ်ယောက်ဖြစ်ရာ များစွာသော ဒိစတြိတ်ကောင်စီများမှ စက္ကရီတေရီများသည် သူနှင့်ကျောင်းနေဖက် သူငယ်ချင်းများဖြစ်ကြ၏။ ၎င်းတို့သည် နယူးဘားမားတိုက်သို့ 'ဘိုင်လော'များကို အင်္ဂလိပ်အတိုင်းအပ်လိုက်ကြ၍ မြန်မာလိုပြန်ပြီး စာအုပ်ရိုက်နှိပ်ပေးရန် အပ်နှံကြ၏။ ကိုဘလှိုင်သည် ဘာသာပြန်အလုပ်ကို ကျွန်ုပ်အား ငှားပါပေသည်။ ဒိစတြိတ်ကောင်စီ ဘိုင်လောများမှာ တစ်ခုနှင့်တစ်ခု ဆင်တူယိုးမှားဖြစ်ကြ၍ အမည်၊ နေရပ်မျှလောက် ပြောင်းလဲပေးရန်သာလိုပေသည်။ သို့ဖြစ်၍ ၁၉၂၇ ခုနှစ်သည် တခြားအလုပ်များနှင့် ဘာသာပြန်အလုပ်မှ ဝင်ငွေတိုးကြောင့် ကျွန်ုပ်အဖို့မှာ အလွန်ဆူဖြိုးသော နှစ်တစ်နှစ်ဖြစ်၏။ ထိုနှစ်အတွက် ဝင်ငွေစုစုပေါင်းမှာ ၄၂၀၀ ကျပ်ရှိ၍ တစ်လလျှင် ၃၅၀ ကျပ်မျှ တွက်ကိန်းကျ၏။ ထိုခေတ်က ငွေ ၃၅၀ ကျပ်သည် ဤခေတ်ငွေ ၁၅၀၀ ကျပ်၊ ၂၀၀၀ ကျပ်ခန့်နှင့်ညီမျှသောကြောင့် စာရေးဆရာတစ်ယောက်အဖို့၌ 'ဆူဖြိုးသောနှစ်' ဟု ခေါ်ခြင်းမှာ မမှားလှချေ။

**ကိုယ့်ကိုယ်ကိုယ်ကျေနပ်သော အကွက်တစ်ခု**

ဈေးတာရေးသမားတစ်ယောက်ဖြစ်ခဲ့လျှင် ထိုနှစ်တွင် ကျွန်ုပ်တို့လင်မယားအဖို့ အထုပ်အထည်ကလေး ဖြစ်သင့်၏။ ပထမအိမ်ထောင်နှင့် သမီးတစ်ယောက်၊ ဒုတိယအိမ်ထောင်နှင့် သားတစ်ယောက်၊ သမီးတစ်ယောက်အပြင် ကျွန်ုပ်၏မိဘများအတွက်ပါ စုစုပေါင်းမှ တစ်လလျှင် ၇၀ ကျပ်၊ ၈၀ ကျပ်မျှလောက်သာ ထောက်ပံ့ရသည်ဖြစ်သောကြောင့် တစ်လ ၁၅ ကျပ်တန်အိမ်ခန်းကလေးတွင် နေလောက်သော ကျွန်ုပ်တို့လင်မယားမှာ အတော်အတန် စုဆောင်းနိုင်သင့်၏။ သို့ရာတွင် ကျွန်ုပ်ကား လူတစ်မျိုးဖြစ်၍ ပြောလောက်အောင် အဖတ်မတင်ချေ။ လူတစ်မျိုးဟုဆိုခြင်းမှာ တရားအားထုတ်သော အချိန်ပိုင်းနှင့် သက်န်းဝတ်သော အချိန်ပိုင်းတွင် ကျွန်ုပ်သည် ပျော်မှု၊ ပါးမှု၊ သုံးဖြုန်းမှုဟူသမျှကို စွန့်လွှတ်နိုင်ခဲ့သဖြင့် ရှေ့အဖို့တွင်လည်း လုံးဝလှည့်မကြည့်တော့ပြီဟူ၍ပင် မှတ်ထင်ခဲ့မိသော်လည်း ရန်ကုန်သို့ရောက်၍ ကိုခင်မောင်တင့်၊ ကိုကျော် (ပီမိုးနင်း)စသော မိတ်ဆွေများနှင့် ပြန်ပေါင်းထုပ်မိကြရာတွင်မူကား ကျွန်ုပ်၏သန္တာန်၌ ရဟန်းဘဝကစိတ်မျိုး လုံးဝရှာမရတော့ဘဲ ဟိုရှေးယခင်က အတိုင်း ပျော်ပျော်ပါးပါးစားစားသောက်သောက်နေခဲ့မိပြန်ပါတော့သည်။ သို့ရာတွင် ကောင်းသောအကွက်ကလေး တစ်ကွက် ကျန်ရှိရစ်သေးသည်မှာကား မိတ်ဆွေများနှင့်အတူ အပျော်ကြူးလျက်ရှိသော အခိုက်အတန့်များ၌ပင် "ငါသည် ယခု ပျော်လျက်ရှိသည်၊ သို့သော် တစ်နေ့နေ့၌ ဤပျော်မှုများကို စွန့်လွှတ်ပြီး တရားဆက်လက်အားထုတ်ဖို့ အလုပ်ကြီးရှိသေးသည်တကား" ဟူသော စိတ်အကြံသည် ပေါ်လာတတ်သည်ချည်း ဖြစ်လေသည်။ ဤသည်မှာ စိတ်အကြံမျှသာဖြစ်သော်လည်း ကျွန်ုပ်အဖို့ရာ၌ အလွန်တရာတန်ဖိုးရှိလှ၏။ အတော်အတန်လူများဖြတ်ဖို့ခဲယဉ်း၍ စွဲတတ်လှသည်ဆိုသော သုရာမေရယနှစ်မျိုး၊ သုံးမျိုးကိုပင် စမ်းကြည့်ဖို့ ကျွန်ုပ်မကြောက်ခြင်းမှာ အထက်ပါ စိတ်အကြံအားကိုးကြောင့်ဖြစ်၏။ စမ်းရုံသာမက စွဲလည်းစွဲခဲ့ဖူး၏။ သို့သော် ဖြတ်နိုင်ခဲ့သည်ချည်းဖြစ်ပါသည်။ အထက်ပါ သုရာမေရယသုံးမျိုးအနက် တစ်ခုမှာ စွဲမိလျှင် ဖြတ်နိုင်သူမရှိသလောက် သေရာပါကြရသည်ချည်းဖြစ်သော်လည်း ကျွန်ုပ်ကား အောင်မြင်ခဲ့သဖြင့် ကိုယ့်ကျောကိုယ် သပ်လိုက်ချင်ပါသေးသည်။ ဤသို့အောင်မြင်ခဲ့ခြင်းမှာ ကျွန်ုပ်သည် စိတ်အားကောင်းသော လူတစ်ယောက်ဖြစ်သောကြောင့်မဟုတ်။ (အမှန်မှာ စိတ်ပျော့သူတစ်ယောက်ဖြစ်ပါသည်။) တရားအားထုတ်ဖို့ အလုပ်ကြီးကျန်သေးသည်ဟူသော စွဲလမ်းမှုကြီးကြောင့်ဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်သည် ထိုအောင်မြင်မှုမရှိခဲ့လျှင် ဤမှတ်တမ်းကို ရေးပြီးတင်ပြဖို့ဝေးစွ။ မည်သူ့အားမျှ ပါးစပ်ဟလိမ့်မည်မဟုတ်ချေ။ မိုက်ခဲ့ဖူးသည်ဟု ရေးပြဖို့မရှက်။ ယနေ့တိုင်မိုက်မိပါသည်ဟု အကြောင်းမဲ့ဖော်ပြဖို့ကား စိတ်ကူးထည့်မည်မဟုတ်ချေ။ အကြောင်းမဲ့ဟူသောစကားကို ထည့်သွင်းရခြင်းမှာ 'ပြောလျှင်ပြောမပြောလျှင် သတ်ပစ်မည်'ဟု ဆိုပါမှ ပြောရမည်ဖြစ်ပါသောကြောင့်တည်း။

**ဘိလိယက်ထိုးပြန်ခြင်း**

ကျွန်ုပ်၏ သုံးဖြုန်းပုံအမျိုးမျိုးအနက် အများဆုံးပိုက်ဆံကုန်ခဲ့ရသော ပျော်နည်းတစ်ခုမှာ သုရာမေရယမဟုတ်၊ လောင်းကစားခြင်းလည်းမဟုတ်၊ ဘိလိယက်ထိုးခြင်းပင်ဖြစ်သည်။ ဤပျော်နည်းကား ကျန်းမာရေးအတွက်ယောင်ယောင်နှင့် ဆွဲဆောင်ပြီး စွဲတတ်သော ပျော်နည်းဖြစ်သောကြောင့် ကြောက်စရာကောင်းလှကြောင်းကို စောစောပိုင်းက ဖော်ပြခဲ့ဖူးပြီဖြစ်သော်လည်း ကျွန်ုပ်၏ ကိုယ်တွေ့ကို အနည်းငယ် ဖြည့်စွက်ဖော်ပြလိုပါသေးသည်။ ဘိလိယက်ထိုးရာတွင် မပါလျှင်မပြီးသော ကျွန်ုပ်၏အဖော်ကား ကိုခင်မောင်တင့်ပင်ဖြစ်၏။ တခြားလူများနှင့် ထိုးရခြင်းထက် သူနှင့်ထိုးရခြင်းကို ကျွန်ုပ်ပို၍နှစ်သက်၏။ တစ်ခါတစ်ရံတွင် ယခင်က တွေ့ဖူးသည့် ကိုကွန်းနှင့်လည်း ဟိုတယ်များတွင်ဆုံမိကြ၍ ပျော်ပျော်ကြီး ကစားနိုင်ပါ၏။ (ကိုကွန်းမှာ ထိုအခါတွင် ဝတ်လုံတော်ရတစ်ယောက် ဖြစ်နေလေပြီ။) ကိုကွန်းနှင့် ကျွန်ုပ်ကစား၍ ပျော်ရခြင်းမှာ ကျွန်ုပ်တို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် 'အမဲ' ဟု ထင်မှတ်ကြ၍ သူကလည်း ကျွန်ုပ်ကို အလွယ်တကူနိုင်လိမ့်မည်ဟုထင်ရာ ကျွန်ုပ်ကလည်း သူ့ကို ချောင်ချောင်နှင့် နိုင်မည်ထင်၏။ သို့နှင့် ကျွန်ုပ်တို့ မကြာခဏချိန်း၍ကစားကြ၏။ တစ်ယောက်နှင့်တစ်ယောက် မခံချင်အောင်ပြောရခြင်းမှာလည်း အရသာကြီးတစ်ခုဖြစ်၏။ ကျွန်ုပ်နိုင်သောပွဲတွင် ကံကောင်း၍နိုင်သည်ဟု သူကထင်၍ သူနိုင်သောပွဲတွင်လည်း ကျွန်ုပ်ကံဆိုးသောကြောင့်ဟု ကျွန်ုပ်ကထင်၏။ ဤသို့ဖြင့် သူနှင့်ကျွန်ုပ်သည် 'မီးခိုးမဆုံး မိုးမဆုံး' ဆိုရလောက်အောင် အခဲမကျေဘဲရှိကြ၏။ စင်စစ်မူကား သူနှင့်ကျွန်ုပ်သည် တစ်ယောက်တစ်ပွဲစီလောက် အနိုင်၊ အရှုံးရှိ၍ လက်တူချင်းဖြစ်ဟန်ရှိ၏။ သို့ရာတွင် ဤသည်ကို သူကလည်း လက်မခံ။ ကျွန်ုပ်ကလည်း ဝန်မခံနိုင်ချေ။ သို့ဖြစ်သောကြောင့် ကိုယ့်ကိုယ်ကိုယ်အထင်ကြီးသော ဤမာနသည် ကျွန်ုပ်တို့နှစ်ယောက်စလုံးကို မြှောက်ပေးသကဲ့သို့ရှိနေသဖြင့် တစ်ယောက်နှင့်တစ်ယောက် မကျေနိုင်သည့် ကမ္ဘာ့ရန်ကြီး ဖြစ်နေခဲ့ပါတော့သည်။

ကျွန်ုပ်သည် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိသည်ဟုဝန်ခံသော်လည်း တခြားသော ဘိလိယက်သမားများနှင့် ကစားရာတွင် အထင်ကြီးခြင်းမဟုတ်၊ ကိုကွန်းတစ်ယောက်တည်းနှင့်သာ အထင်ကြီးမိခြင်းဖြစ်၏။ တခြားလူများနှင့် အထင်ကြီးပြီး ကိုယ့်ထက်တတ်သူနှင့် လောင်းတမ်းကစားမိလျှင် ပြုတ်ပြုတ်ပြုန်းသည်နှင့် ဟိုတယ်အရိပ်ကိုပင် နင်းနိုင်မည်မဟုတ်ချေ။ ကိုကွန်းနှင့် ကျွန်ုပ်သည် ငွေလောင်းတမ်းမဟုတ်ဘဲ အလကားတမ်း ကစားခြင်းဖြစ်သော်လည်း လောင်းတမ်းတမျှ အကြိတ်အနယ်ကစားကြ၏။ ငွေထက် ဂုဏ် (Honour)ကို အရေးတကြီးထားသောကိစ္စမျိုးရှိခြင်းကို စီးပွားရေးသမားများက 'ရူးသည်'ဟု ဆိုကြမည်လောမပြောတတ်ပေ။

**ကျွန်ုပ် စာရေးပုံ**

'ရူး'ဟူသော စကားလုံးသုံးမိရာတွင် ကိုခင်မောင်တင့်နှင့် ကျွန်ုပ်တို့ ဘိလိယက်ရူးကြပုံကို ဖော်ပြရပေဦးမည်။ ကျွန်ုပ်သည် ထိုစဉ်က စုံထောက်မောင်စံရှားနှင့် တခြားဝတ္ထုတိုများရေးခဲ့ရာတွင် တစ်ပုဒ်လျှင် ၅၀ ကျပ်ရသော မဂ္ဂဇင်းတိုက်နှစ်တိုက်၊ သုံးတိုက်ရှိ၏။ ထိုစဉ်က ငွေ ၅၀ ကျပ်မှာ ဤခေတ်ငွေ ၂၀၀ ကျပ်၊ ၃၀၀ ကျပ်မျှနှင့် တန်ဖိုးညီမျှသောကြောင့် ဝတ္ထုတိုတစ်ပုဒ်အတွက် မနည်းလှဟု ဆိုရပေမည်။ (မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေပေါ်လိုက်၊ ပျက်လိုက်ဖြစ်သောခေတ်ဖြစ်သည်။) ကျွန်ုပ်ဝတ္ထုရေးပုံမှာ ည ရှစ်နာရီလောက်မှစ၍ မပြီးမချင်း ထိုင်ရေး၏။ များသောအားဖြင့် သန်းခေါင်ကျော်လင်းအားကြီးတွင်ပြီး၍ တစ်ခါတစ်ရံတွင်မူ မိုးလင်းသော်လည်း မပြီးသေးသည်နှင့် မီးခွက်ကိုငြှိမ်းပြီး နေရောင်ဖြင့်ဆက်၍ရေး၏။ မိုးလင်းအောင် ထိုင်ရေးသောနေ့တွင်လည်း အိပ်တော့သည်မရှိဘဲ ကော်ဖီသောက်၍ ရေချိုးပြီးလျှင် 'ကော်ပီ' လိပ်ကလေးကိုကိုင်လျက် မဂ္ဂဇင်းတိုက်သို့သွား၏။ ၎င်းမှ ငွေ ၅၀ ကျပ် တောင်းယူခဲ့၍ ဂရိတ်တီရီယန်းဟိုတယ်သို့သွားရာ ကိုခင်မောင်တင့်လည်း ရောက်နေခဲ့လေပြီ။ ၎င်းဟိုတယ်တွင် ဘိလိယက်ခုံခြောက်ခုံရှိသည့်အနက် ကျွန်ုပ်တို့ ကြိုက်သော ခုံသစ်ကိုရအောင်စောင့်ယူ၍ ရသည်နှင့်တစ်ပြိုင်နက် ကစားကြပါတော့သည်။

ဆက်လက်ဖော်ပြပါမည်။

---

## ဆီဆိုင်မြို့နယ်၌ မိသားစုဝင်ငွေတိုးပွားရေး ဆင့်ပွားမုန့်လုပ်နည်း သင်တန်းဖွင့်လှစ်

ဆီဆိုင် မေ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က မိသားစုဝင်ငွေတိုးပွားရေး ဆင့်ပွားမုန့်လုပ်နည်းသင်တန်းဖွင့်ပွဲကို မေလ ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ခင်မော်က အမှာစကားပြောကြားရာတွင် သင်တန်းတွင် ရွှေကြည်ဆနွင်းမကင်း၊ နံကထိုင်၊ Cookies(ကွတ်ကီး) စသည့် မုန့်အမျိုးအစားများကို သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် ကျွမ်းကျင်တတ်မြောက်သည်အထိ သင်ကြားပေးကြောင်း၊ ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် ဒေသခံပြည်သူများ ကိုယ်ပိုင်လုပ်ငန်းထူထောင်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်သည့်အပြင် မိသားစုဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်များက သင်တန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် သင်တန်းအထောက်အကူပြုချီးမြှင့်ငွေတို့ကို ပေးအပ်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူတို့က လက်ခံရယူကြောင်း သိရသည်။



ချမ်းမြေ့

# ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့်တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိမအူပင် (တောင်)ရေနံနှင့် သဘာဝဓာတ်ငွေ့မြေသို့ရောက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်နိုင်ခဲ့မှုနှင့် လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းအခြေအနေများ၊ တွင်းသစ်တူးဖော်နိုင်ရေးစီမံဆောင်ရွက်ထားမှုများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးနေမှုအခြေအနေများအား ရှင်းလင်းတင်ပြကြသည်။



တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးချုပ်က ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းသည် အရင်းအနှီးကြီးမားပြီး စွန့်စားရမှုလည်း မြင့်မားပါကြောင်း၊ အနာဂတ်ကာလများတွင် MSME လုပ်ငန်းများအပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် သဘာဝဓာတ်ငွေ့လိုအပ်ချက်သည် မလွဲမသွေ မြင့်တက်လာမည်ဖြစ်၍ တိုးမြင့်လာမည့် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ကြိုတင်မျှော်မှန်း၍ ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေး နှစ်အလိုက် အကောင်အထည်ဖော်မည့် အစီအမံများပြုလုပ်၍ဆောင်ရွက်ကြရန် လိုကြောင်း၊ သက်တမ်းရင့်ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများရှိ တွင်းဟောင်းများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုအပ်သလို တွင်းသစ်များတူးဖော်ခြင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေအသစ်များရှာဖွေဖော်ထုတ်ခြင်းများကိုလည်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်တို့က ရေနံမြေဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် မအူပင်(တောင်)ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ် (၁၀) နှင့် (၁၃) တို့အားသွားရောက်၍ လေဆီ (Condensate) နှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ရှိ စပါးကြီးစမ်း-နတ်စင်ကုန်းဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်နိုင်ရေးအတွက် လိုင်းဆိုက်စမစ် (2D Seismic) တိုင်းတာခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်က တိုင်းတာရရှိလာသည့်ဆိုက်စမစ်အချက်အလက်များကို Processing၊ Interpretation လုပ်ငန်းများ မြန်ဆန်စွာပြုလုပ်ရန်နှင့် အလားအလာကောင်းသည့်နေရာများတွင် တွင်းသစ်များတူးဖော်နိုင်ရေး စီမံဆောင်ရွက်ကြရန်လိုကြောင်းမှာကြားပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများပေးအပ်သည်။ ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် စပါးကြီးစမ်း-နတ်စင်ကုန်းဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်နိုင်ရေးအတွက် လိုင်းဆိုက်စမစ် (2D Seismic) တိုင်းတာနေမှုအခြေအနေ၊ တိုင်းတာရရှိသောအချက်အလက်များကို မှတ်တမ်းရယူနေမှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေးအားပေးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး လျှပ်စစ်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်တာဝန်ရှိသူများသည် ယမန်နေ့က မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ အဖျောက်သဘာဝဓာတ်ငွေ့မြေသို့သွားရောက်၍ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ခဲ့မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့်တာဝန်ရှိသူများနှင့်အတူ အဖျောက်သဘာဝဓာတ်ငွေ့မြေသို့ ရောက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက အဖျောက်သဘာဝဓာတ်ငွေ့မြေ၏သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နိုင်ခဲ့သည့် အခြေအနေများ၊ လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ တွင်းဟောင်းများ၏ ပါးလွှာသဲကြောများအား ပြန်လည်လေ့လာတွက်ချက်သုတေသနပြုလုပ်၍ စမ်းသပ်ထုတ်လုပ်ခဲ့ရာမှ သဘာဝဓာတ်ငွေ့ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခဲ့သည့် အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးချုပ်က နိုင်ငံတော်၏ ရေနံနှင့်သဘာဝဓာတ်ငွေ့လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး အခြားသော ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများတွင်လည်း ယခုကဲ့သို့ ရလဒ်ကောင်းများရရှိအောင် ကြိုးစားဆောင်ရွက်ကြရန်တိုက်တွန်းလိုပါကြောင်း၊ အထွက်နှုန်းကျဆင်းနေသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများကို ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး အစီအမံများချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းမှာကြားပြီး ဒုတိယဝန်ကြီးချုပ်နှင့်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်တို့က ရေနံမြေဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဖျောက်သဘာဝဓာတ်ငွေ့မြေတွင် သဘာဝဓာတ်ငွေ့ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခဲ့သည့် တွင်းအမှတ် (၅၆) ၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြဝတီ

# နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနကျောင်းများတွင် ရလဒ်အခြေပြုပညာရေးစနစ် (Outcome-based Education System)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၄

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှ ကျောင်းများတွင် ရလဒ်အခြေပြု ပညာရေးစနစ် (Outcome–based Education System)ကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီး နည်းပညာရှင်များကို စံအရည်အသွေးပြည့်မီစွာ တစ်ပြေးညီမွေးထုတ်ပေးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများဖော်ဆောင်ကာ ဘဝရပ်တည်မှုခိုင်မာစေရေးအတွက် အစိုးရစက်မှုလက်မှုသိပ္ပံ (GTI) များ၌ Dublin Accord နှင့် အညီ A.G.T.I သင်တန်းများကိုလည်းကောင်း၊ အစိုးရနည်းပညာကောလိပ် (GTC) များ၌ Sydney Accord နှင့်အညီ B.Tech. သင်တန်းများကိုလည်းကောင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး Bloom's Taxonomy မူဘောင်အဆင့်များအတိုင်း မေးခွန်းများကိုပြုစုကာ တစ်ဆင့်မြင့် ပေါင်းကူးတက်ရောက်နိုင်သည့် သင်တန်းနှစ်များအတွက် တစ်ပြေးညီ မေးခွန်းများကို ကျောင်းများအားလုံး ဖြေဆိုရကာ အဖြေလွှာများကို ဗဟိုဦးစီးစနစ်ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဧပြီလ ၃၀ ရက်မွန်းလွဲပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ကိုရီးယား-မြန်မာနည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆိုင်ရာ ဆရာအတတ်သင်သိပ္ပံ Korea–Myanmar TVET Teacher Training Institute (KMTTTI) သို့ ရောက်ရှိခဲ့ပြီး ဗဟိုဦးစီးစနစ်ဖြင့် အဖြေလွှာများ စစ်ဆေးဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် စာစစ်မှူးချုပ်၊ ကျောင်းအုပ်ကြီးများ၊ စာစစ်တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ညွှန်ကြားချက်များအတိုင်း စနစ်တကျ အမှားအယွင်းမရှိအောင် စစ်ဆေးဆောင်ရွက်သွားရန်၊ စစ်ဆေးပြီး အဖြေလွှာများကို စနစ်တကျ ပြန်လည်သိမ်းဆည်းရန်၊ အချက်အလက်များ လုံခြုံရေးအထူးဂရုပြုရန်နှင့် လိုအပ်သည်များ မှာကြားကာ ကျောင်းအလိုက် အခက်အခဲ



လိုအပ်ချက်တင်ပြသည်များကို ဖြေရှင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စာစစ်ခန်းများတွင် ဆရာ၊ဆရာမများက အဖြေလွှာများကိုသတ်မှတ်ချက်များနှင့် အညီ စစ်ဆေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# MCEF က လျှောင်အပြီး အဆောက်အအုံအကဲဖြတ်ခြင်းနှင့်ပြုပြင်ခြင်းနည်းပညာသင်တန်းကို ရန်ကုန်နှင့်မန္တလေးမြို့တို့၌ ဖွင့်လှစ်မည်

ရန်ကုန်　မေ　၄

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် (MCEF )မှ လျှောင်အပြီး အဆောက်အအုံအကဲဖြတ်ခြင်းနှင့်ပြုပြင်ခြင်း နည်းပညာသင်တန်းကို ရန်ကုန်နှင့်မန္တလေးမြို့တို့၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

" လျှောင်ဘေးသင့်ဒေသတွေမှာ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပညာပေးရေးလုပ်ငန်းစဉ်(၃)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး လျှောင်အပြီး အဆောက်အအုံအကဲဖြတ်ခြင်းနှင့်ပြုပြင်ခြင်းနည်းပညာသင်တန်းကို EMI (Engineering Ministries International) အဖွဲ့အစည်းက နိုင်ငံခြားသားပညာရှင်တွေနဲ့ One day Training ပြုလုပ်မှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် (MCEF) မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါသင်တန်းကို မန္တလေးမြို့၌ မေလ ၅ ရက်နှင့် ရန်ကုန်မြို့၌ မေလ ၁၂ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

မန္တလေးမြို့၌ MRCC ယာယီခန်းမနှင့် ရန်ကုန်မြို့၌ MCEF Hall တို့တွင် ပို့ချမည်ဖြစ်ပြီး သင်တန်းကို Project Engineer များ၊ Structure Engineer များ၊ Architect များနှင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ တက်ရောက်နိုင်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် အမှတ် (၃) သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် သုဝဏ္ဏလမ်းဆုံ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ဆက်သွယ်ပြီး Training Fee အခမဲ့ဖြင့် တက်ရောက်နိုင်ကြောင်း သိရသည်။

KK

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

မြောင်းမြ　မေ　၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ရှိ ပညာရေးဒီဂရီကောလိပ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို မေလ ၃ ရက်က အဆိုပါဒီဂရီကောလိပ် မြရတုခန်းမ၌ကျင်းပကြောင်း သိရသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲကို မြောင်းမြခရိုင် သစ်တောဦးစီးဌာနမှ မီးခိုးမြူငွေ့လျှော့ချရေးနှင့် စည်းကမ်းမဲ့ မီးရှို့မှုမရှိအောင် ဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ဟောပြောပွဲတွင် မြောင်းမြခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးစိန်မိုးက Projector ဖြင့် ထင်းအသုံးပြုမှု၊ သစ်တောပြုန်းတီးမှု၊ မီးခိုးငွေ့များနှင့်ပတ်သက်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ယင်းအခမ်းအနားသို့ မြောင်းမြခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်၊ မြောင်းမြပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ မြောင်းမြခရိုင်နှင့်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းရှစ်ဦး၊ သင်တန်းသား၊ သင်တန်းသူ ၄၈၇ ဦး စိတ်ပါဝင်စားစွာ တက်ရောက်ကြကြောင်း သိရသည်။

အောင်ဖြိုး

# သထုံမြို့နယ်၌ စာကြည့်တိုက် ရေရှည်တည်တံ့စေရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

သထုံ　မေ　၄


မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာရှိ သုခမိန်စာကြည့်တိုက် ရေရှည်တည်တံ့စေရေးနှင့် ကျေးလက်နေပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းတို့ကို မေလ ၃ ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက စာကြည့်တိုက် ရေရှည်တည်တံ့စေရေး၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် စာကြည့်တိုက်၌ စာဖတ်သူတိုးပွားရေး ဆောင်ရွက်သင့်သည့်အချက်များ စသည်တို့ကို ဆွေးနွေးဟောပြောကာ သုခမိန်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆောင်ရွက်နေမှုများ၊ ကျေးရွာအတွင်းရှိလူငယ်များ စာကြည့်တိုက် အသုံးပြုမှုမြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေရေး တို့ကို ဆွေးနွေးပြောကြားရာ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ လူငယ်များက ကဏ္ဍအလိုက်ပါဝင်ဆွေးနွေးပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များနှင့်ဓာတ်ပုံများကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

အဆိုပါအခမ်းအနားသို့ နောင်ဘိုကျေးရွာရှိ ရပ်မိရပ်ဖများနှင့် စာဖတ်ဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့




# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး



သာစည်　မေ　၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျှော့ကျစေရန်ရည်ရွယ်၍ မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို မေလ ၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မယ်ဇလီကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ် ၃၃ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးသည်။

မယ်ဇလီကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးအတွက် ငွေကျပ် ၆ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးအတွက် ငွေကျပ် ၃ ဒသမ ၄ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၂၈ ဦးအတွက် ငွေကျပ် ၁၈ ဒသမ ၉ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးအတွက် ငွေကျပ် ၄ ဒသမ ၇ သန်း စုစုပေါင်း ငွေကျပ် ၂၀၂ ဦးအတွက် ငွေကျပ် ၃၃ ဒသမ ၁ သန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ဗုဒ္ဓဝံသဒီပလိုမာတန်း ရွှေတံဆိပ်ဆုဆိုင်ရာ အာဂုံရွတ်ဆိုပူဇော်



ရန်ကုန် 　မေ ၄

မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) ဒွါဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ ဗုဒ္ဓဝံသဒီပလိုမာတန်း ရွှေတံဆိပ်ဆုဆိုင်ရာ အစိန္တေယျဘုရား အာဂုံရွတ်ဆိုပူဇော်ပွဲနှင့် ခက်ဆစ်ရေးဖြေဖြေဆိုပူဇော်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ ဇမ္ဗူသီရိဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ အာဂုံဖြေဆိုပူဇော်ပွဲအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုပူဇော်၍ဖွင့်လှစ်ပြီး ဗုဒ္ဓဝံသဒီပလိုမာတန်း ၄/၂၀၂၄ အွန်လိုင်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်ဖြေဆိုအောင်မြင်သူ ၃၂ ဦးက ရွှေတံဆိပ်ဆုဆိုင်ရာ အစိန္တေယျဘုရားရှိခိုး(အစမှ အဆုံးထိ) အာဂုံရွတ်ဆိုပူဇော်ခြင်းနှင့် ခက်ဆစ်ရေးဖြေဖြေဆိုပူဇော်ခြင်းတို့ကို ကျင်းပကြရာ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)ဥက္ကဋ္ဌဆရာတော် ဒေါက်တာပဏ္ဍိတာဘိဝံသနှင့်တာဝန်ရှိသူများကလှည့်လည်ကြည့်ရှုအားပေးကြပြီး အာဂုံရွတ်ဆိုပူဇော်သူများအား အသိအမှတ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ပူဇော်ပွဲသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)ဥက္ကဋ္ဌဆရာတော် ဒေါက်တာပဏ္ဍိတာဘိဝံသအမှူးပြုသည့်ဆရာတော်များ၊ စာထောက်၊ စာမဆရာတော်များ ကြွရောက်တော်မူကြပြီး ဒီပလိုမာတန်းရွှေတံဆိပ်ဆုရွေးချယ်ရေးဆပ်ကော်မတီဆိုင်ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)မှ တာဝန်ရှိသူများတက်ရောက်ကြည့်ညိုကြသည်။

ယခုဖြေဆိုပူဇော်သည့် အမျိုးသား၊ အမျိုးသမီးများအနေဖြင့် အာဂုံရွတ်ဆိုပူဇော်ပွဲနှင့် ခက်ဆစ်ရေးဖြေဖြေဆိုရာတွင် အလုံးစုံမှန်ကန်ခြင်း၊ ပီသရှင်းလင်းပြတ်သားခြင်း၊ နာပျော်ဖွယ်ကောင်းခြင်းစသည့် အကဲဖြတ်စည်းမျဉ်းများအရ ရွှေတံဆိပ်ဆုရှင်ကိုရွေးချယ်ကာ မေလ ၂၉ ရက်တွင် ကျင်းပမည့် ဒွါဒသမအကြိမ် သုတစုံလင်ဗုဒ္ဓဝင် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ရွှေတံဆိပ်ဆုကို ထိုက်တန်စွာချီးမြှင့်သွားမည်ဖြစ်သည်။ 　**မြဝတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် 　မေ ၄

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ 　(မိုး/ဇလ)

# မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံငလျင်ဘေးဒဏ်သင့်ဒေသများသို့ အသင့်စားချက်ပြုတ်ပြီး ထမင်းဘူးနှင့်တာပေါ်လင်များ ထောက်ပံ့လှူဒါန်း

နေပြည်တော် 　မေ ၄

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတို့တွင် ဧပြီလ ၄ ရက်အထိ သေဆုံးသူ ၃၇၈၅ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၉၂ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအားရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၈၉ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေလ ၃ ရက် ညနေ ၅ နာရီမှ မေလ ၄ ရက် ညနေ ၅ နာရီအတွင်း မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် မလေးရှားနိုင်ငံအခြေစိုက် Fo Guang Shan Buddha's Light International Association Yayasan Sin Crew အဖွဲ့အစည်းများက မြန်မာနိုင်ငံ ငလျင်ဘေးဒဏ်သင့်ဒေသများသို့လှူဒါန်းသည့် အသင့်စားချက်ပြုတ်ပြီး ထမင်းဘူးနှင့် တာပေါ်လင်များ ပါဝင်သော ကတ္တူပုံးတန်ချိန် ၃ ဒသမ ၅၁၈ တန် ရောက်ရှိခဲ့ပြီး အဆိုပါထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။ 　**မြဝတီ**

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန်ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ဝန်ထမ်းအိမ်ရာများသို့ ကုန်မျိုးစုံများနှင့်ဟင်းသီးဟင်းရွက်များ သက်သာသောဈေးနှုန်းများဖြင့် ၃၅ ရက်မြောက်နေ့အဖြစ် လှည့်လည်ရောင်းချ

နေပြည်တော် 　မေ ၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့၏ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ အမဲသား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့်ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ်လ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၃၅ ရက်မြောက်နေ့အဖြစ် ဈေးကားရစ်စီးဖြင့် လှည့်လည်ရောင်းချပေးသည်။



၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှ မေလ ၄ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ နေပြည်တော်ဘူတာကြီး၊ ဥပ္ပါတသန္တိဘုရားပရိဝုဏ်အတွင်းရှိ လုံခြုံရေးဝန်ထမ်းများ၊ တပ်ကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ရှိ ဝန်ထမ်းများနှင့် ပြည်သူများကို ဆန် ၆ ပြည်ပါ (မနောသုခ– Export Quality) ၁၀၂၆၆ အိတ်၊ ဆန် ၅ ပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၄၀၁ အိတ်၊ ဆီပိဿာ ၃၅၇၇၀၊ ဆား ၁၅၃၆ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၅၆၂၄ ထုပ်၊ ငါးပိ ၃၀၆ ပိဿာ၊ ကြက်ကောင် ၂၅၀၊ ဝက်သားပိဿာ ၂၀၊ အမဲသား ၂၅ ပိဿာ၊ ကြက်ဥအလုံး ၉၄၉၀၊ ဘဲဥ ၂၄၄၅ လုံး၊ ငုံးဥ ၂၀၀၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပုံခြောက်များ၊ ငါးကြင်းပိဿာ ၉၀၊ ငါးတန်ပိဿာ ၉၀၊ ငါးမုတ်ပိဿာ ၇၀၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့် မုန်ညင်းဖြူစသည့် ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၁၆ အိတ်၊ စားအုန်းဆီ ၄၉၆၃ ပိဿာ၊ ဆား ၇၇ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၃၉၄ ဘူး၊ ငါးပိ ၂၆ ပိဿာ၊ ကြက်သွန်နီ ၅၇၈ ပိဿာ၊ အသားတု ၂၈ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့်ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၆၄၄ အိတ်၊ စားအုန်းဆီ ပိဿာ ၆၃၈၀၀၊ ဆား ၅၆ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၉၃ ထုပ်၊ ငါးပိ ၂၂ ပိဿာ၊ ငါးနီတူခြောက်၊ အာပုံခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# အဆစ်ရောင် လေးဖက်နာနှင့် သဘာဝကုထုံးများ

### သွေးလေးဖက်နာ ရေနွေးစိမ်ပါ

ရေနွေးစိမ်ခြင်းသည် အဆစ်ရောင်၊ အဆစ်အမျက်ကိုက်ရောဂါ၊ လေးဖက်နာဝေဒနာသည်များအတွက် အလွန်ကောင်းသောနည်းဖြစ်သည်။ ရေနွေးစိမ်ကုသခြင်းကို ဂျပန်နိုင်ငံသားများနှင့် တရုတ်နိုင်ငံသားများတွင် များစွာတွေ့ရသည်။ စာရေးသူ မဲခေါင်မြစ်ဝှမ်းဒေသခြောက်နိုင်ငံ တိုင်းရင်းဆေးဆရာများတွေ့ဆုံပွဲ တတိယအကြိမ်အဖြစ် တရုတ်နိုင်ငံ ကူမင်းမြို့သို့ သွားရောက်လေ့လာခဲ့စဉ်က အစိုးရဆေးရုံများ သာမက ပုဂ္ဂလိကဆေးရုံများတွင် ရေနွေးစိမ်ကန်များကို သစ်သားစည်ကြီးများအသုံးပြု၍ ပြုလုပ်ထားသည်ကို တွေ့ရသည်။

ဂျပန်နိုင်ငံသားများ ရေချိုးသည့်အခါ ရေနွေးကို စိမ်ချိုးကြသည်ဟု ငယ်စဉ်ကကြားဖူးသည်။ ၎င်းတို့ ရိုးရာဓလေ့မှာ ညောင်းညာကိုက်ခဲမှုကို ပြေလျော့စေသောနည်းလမ်းဖြစ်သည်။ တရုတ်နိုင်ငံ၌ ဆေးပင်၊ ဆေးမြစ်များကိုပြုတ်ပြီး ရေနွေးစိမ်ခြင်း၊ ဆေးပြုတ်ရည်ဖြင့် ရေချိုးခြင်း၊ ခြေထောက်စိမ်ခြင်းများကိုလည်း တွေ့ခဲ့ရသည်။

ရေနွေးစိမ်ရန် ကန်အခက်အခဲရှိပါက ရေနွေးကို ပုံးဖြင့်ထည့်ပြီး ရေအေးဖြင့်သင့်တင့်အောင် စပ်ချိုးနိုင်ပါသည်။ ရေနွေးအတွင်း ဆားလက်တစ်ဆုပ်ခန့် ထည့်ပြီးချိုးလျှင် ပိုကောင်းသည်။ ဆားရည်နွေးသည် ခန္ဓာကိုယ်ရှိ မွေးညင်းပေါက်များကို ပွင့်စေသည်။ ငုပ်နေသော အခိုးအကင်းများကို အပြင်သို့ထွက်သွားစေသဖြင့် ညောင်းညာကိုက်ခဲမှုများ လျော့သွားစေနိုင်သည်။

တချို့ဒေသများ၌ သဘာဝနည်းအတိုင်းထွက်နေသော ရေပူစမ်းများရှိသည်။ ရေပူစမ်းမှာ ရေတွင် ထုံးဓာတ်တစ်မျိုးလွန်ကဲပြီး ပူနွေးနေသောရေမျိုး ဖြစ်သည်။ ယင်းရေပူစမ်းများတွင် စိမ်ခြင်းဖြင့် ညောင်းညာမှုများ ပြေလျော့စေသည်။

ငပလီ၊ ချောင်းသာကမ်းခြေတို့၌ အပန်းဖြေသူများသည် ပင်လယ်ရေ(ဆားငန်ရည်)ကို စိမ်ချိုးရသည့် အပြင် ပင်လယ်ဘက်မှ တိုက်ခတ်လာသော ဆားပါသောလေကိုပါ ရှူရှိုက်ရသဖြင့် ကျန်းမာရေးကောင်းစေသည်ဟု ယူဆကြသည်။

ကလေးများ ပိုလီယိုလေးဖက်နာဖြစ်ပြီး အဆစ်များ ကောက်ကွေးနေခြင်းကို နှစ်နှစ်သားအရွယ်မှစ၍ ရေနွေးစိမ်နှိပ်ပေးခြင်းဖြင့် ကောက်နေသော အရိုးအဆစ်များကို ပြန်ဖြောင့်အောင် ကုသပေးနိုင်ကြောင်း သိရသည်။ ရေစိမ်ကန်မရှိလျှင်လည်း ကလေးကို သံစည်ပိုင်းပြတ်တွင် အောက်မှမီးဖိုပေး၍ ရေကိုနွေးအောင် ပြုလုပ်၊ ဆားအနည်းငယ်ထည့်ပြီး စိမ်စေခြင်းဖြင့် ပိုလီယိုရောဂါကို ပြန်လည်သန်စွမ်းအောင် ကုသနိုင်ပါသည်။

ဂေါက်ရောဂါခေါ် ခြေမဆစ်၊ ခြေမျက်စိ၊ ခြေချင်းဝတ် အဆစ်ရောင်ရောဂါရှိသူများမှာ ဆားလက်တစ်ဆုပ်ထည့် ရေအေးသင့်အောင်ရောပြီး ခြေမျက်စိမြုပ်အောင် စိမ်ပေးခြင်းဖြင့် အဆစ်ရောင်နာကို သက်သာစေနိုင်သည်။ တစ်ကြိမ်ရေနွေးစိမ်လျှင် အနည်းဆုံး ၁၅ မိနစ်မှ နာရီဝက်အထိသာ စိမ်သင့်သည်။ ဂေါက်ရောဂါသည် ဆားရည်နွေးစိမ်ခြင်းဖြင့် သုံးရက်အတွင်း သက်သာစေနိုင်သည်။

သွေးလေးဖက်နာမှာ လေးဖက်နာမှန်သမျှတို့တွင် ကုသရအခက်ဆုံးဖြစ်သည်။ လူ့ဘဝတွင် ဝဋ်နာ၊ ကံနာဟု ရှေးလူကြီးများပြောသည့်စကားမှာ သွေးလေးဖက်နာကဲ့သို့ ဝေဒနာမျိုးတွင် မှန်ကန်နေပေသည်။

လူ့ခန္ဓာကိုယ်တွင် သွေးသည် အသက်၊ အသက်သည်သွေးပင်ဖြစ်သည်။ သို့သော် မိမိသွေးကဖောက်ပြန်၍ မိမိကိုယ်မိမိပြန်တိုက်ခိုက်သဖြင့် အဆစ်များ ဒဏ်ရာအနာတရဖြစ်ပြီး ပွန်းစားကုန်သောရောဂါကို သွေးလေးဖက်နာဟုခေါ်သည်။

သွေးလေးဖက်နာဖြစ်ပြီးနောက် ရုပ်ပျက်ဆင်းပျက် အဆစ်များကောက်ကွေးကုန်သည်အထိ ဖြစ်ရသော လေးဖက်နာအမျိုးအစားမှာ ဆေးတွေ့ရန်ခက်ခဲသည်။ ပိုးလေးဖက်နာကဲ့သို့ ပင်နီဆီလင်ဆေးနှင့်လည်း မပျောက်ကင်းနိုင်ပေ။ သွေးလေးဖက်နာကို ပိုးလေးဖက်နာထင်ပြီး အနာတခြား ဆေးတခြား ဖြစ်ကာ ကျောက်ကပ်ပါ ပျက်စီးနိုင်သည်။

> **"ဂေါက်ရောဂါခေါ် ခြေမဆစ်၊ ခြေမျက်စိ၊ ခြေချင်းဝတ် အဆစ်ရောင်ရောဂါရှိသူများမှာ ဆားလက်တစ်ဆုပ်ထည့် ရေအေးသင့်အောင်ရောပြီး ခြေမျက်စိမြုပ်အောင် စိမ်ပေးခြင်းဖြင့် အဆစ်ရောင်နာကို သက်သာစေနိုင်သည်။ တစ်ကြိမ်ရေနွေးစိမ်လျှင် အနည်းဆုံး ၁၅ မိနစ်မှ နာရီဝက် အထိသာ စိမ်သင့်သည်။ ဂေါက်ရောဂါသည် ဆားရည်နွေးစိမ်ခြင်းဖြင့် သုံးရက်အတွင်းသက်သာစေနိုင် . . ."**

သွေးလေးဖက်နာနှင့် တခြားအဆစ်ရောင်လေးဖက်နာ၊ ပိုးလေးဖက်နာများ ကွဲပြားသည့်အချက်မှာ ဘယ်ဘက်လက်ချောင်း သုံးချောင်းရောင်လျှင် ညာဘက်လက်ချောင်း သုံးချောင်းမှာလည်း ထပ်တူရောင်သည်။ ရောင်သည့်အဆစ်များမှာ ဂေါက်ရောဂါကဲ့သို့ အထိမခံနိုင်အောင် မနာကျင်သော်လည်း အတွင်းသို့ဖိကြည့်လျှင် နာကျင်ပြီး ကြာသောအခါ အရိုးများပွန်းစားကာ အကိုင်အတွယ်များသော လက်ချောင်းများ ကွေးကောက်သွားသည်။ အကြည့်ရဆိုးသည်။

အနောက်တိုင်းတွင် ထိုကောက်ကွေးသွားသော အဆစ်များကို ပြန်ဆန့်ပေးနိုင်ရန် မီးလုံးဖြင့်အပူပေးခြင်း၊ ဖယောင်းတစ်မျိုးကိုအပူပေး၍ အရည်ပျော်စေပြီး ကပ်ပေးခြင်း စသည့် ရူပကုထုံးများဖြင့် ကုသပေးလေ့ရှိသည်။ သူ့နည်းနှင့်သူ စနစ်တကျကုသလျှင်၊ စိတ်ရှည်ရှည်ကုသလျှင် အဆစ်များ ကောက်ခြင်းကို ကာကွယ်နိုင်ပါသည်။

သွေးအတွင်းမှ ဖောက်ပြန်မှုအတွက် ဆေးအတိအကျမရှိဘဲ ပရက်ဒီစလုံးကဲ့သို့ ဆေးလုံးများဖြင့်သာ ကုသပေးလေ့ရှိသဖြင့် နောက်ဆက်တွဲ အရိုးကျိုးခြင်း၊ အရိုးဆွေးခြင်း၊ ခန္ဓာကိုယ်ဖောရောင်ခြင်း၊ လမ်းမလျှောက်နိုင်ခြင်း၊ လေဖြတ်ခြင်းတို့ပါ ဖြစ်နိုင်သည်။

ထိုသွေးလေးဖက်နာအတွက် စာရေးသူ၏အတွေ့အကြုံအရ တစ်ဖက်တစ်လမ်းမှ သက်သာစေနိုင်သောနည်းလမ်းများရှိပါသည်။ ယင်းတို့မှာ ရေနွေးစိမ်ခြင်း၊ ဆီလိမ်းခြင်း၊ ကြပ်ထုပ်ထိုးခြင်း၊ ဆေးစည်းကုသခြင်းတို့ဖြစ်သည်။

### အဆစ်ရောင်ပျောက်သော ကျားမနိုင်နွယ်ပင်

ကျားမနိုင်မြစ်ဟု အများကခေါ်ကြသောအပင်မှာ နွယ်ပင်ကြီးဖြစ်သည်။ ယင်းကျားမနိုင်နွယ်ပင်၏ ထိပ်ဖြတ်ပိုင်းတွင် ကျားခြေရာနှင့်တူသော အကွက်များကိုတွေ့ရသည်။ ထို့ကြောင့်ပင် ကျားမနိုင်ပင်ဟု ခေါ်ကြခြင်းဖြစ်သည်။

သနပ်ခါးသည် အအေးဖြစ်သည်။ သွေးလိမ်းလျှင် အေးမြသောအရသာကို အရေပြားပေါ်တွင်ဖြစ်စေသည်။ ကျားမနိုင်သည်လည်း အအေးပင်ဖြစ်သည်။ ကျောက်ပျဉ်တွင် သွေးလိုက်လျှင် နီကြင်ကြင်အရောင်များ ထွက်လာသည်။ သို့သော် အရေပြားပေါ်သို့ လိမ်းလိုက်သောအခါ သနပ်ခါးကဲ့သို့ပင် အေးမြမှုကို ခံစားရသည်။

ပူ၍ရောင်သော အဆစ်ရောင်ရောဂါမှန်သမျှ ကျားမနိုင်နှင့်သင့်သည်။ တစ်ခါက ဝက်သားစား၊ မျှစ်ချဉ်စားပြီး ခြေမဆစ်ကြီးရောင်လာသူတစ်ဦးကို တွေ့ဖူးသည်။ ယင်းခြေမဆစ်မှာ နီရဲနေပြီး ဖိနပ်မစီးနိုင်၊ ခြေမထောက်နိုင်၊ ခြေတွဲလောင်းချထိုင်နေလျှင်ပင် တစစ်စစ်ကိုက်နေသည်။

ဤကဲ့သို့သော အဆစ်ရောင်ခြင်းအတွက် ကျားမနိုင်သွေးလိမ်းလျှင် အလွန်သင့်လျော်သည်။ လိမ်းလိုက်လျှင် အေးသွားပြီး အပူများအငွေ့ပြန်သလိုဖြစ်ကာ လိမ်းထားသောဆေးမှာ အမြန်ခြောက်သွေ့သွားသည်။ ဆက်ထားလျှင် ဆေးဖတ်များအက်ကွဲပြီး ကွာကျသွားလေသည်။ ထိုအခါ ကျားမနိုင်နွယ်ကို ထပ်မံသွေးပြီး လိမ်းပါ။ တဖြည်းဖြည်း အပူလျော့သွားပြီး အရောင်လည်း ကျသွားသည်ကို တွေ့ရမည်ဖြစ်သည်။

ကျားမနိုင်ကို အပူနာမှန်သမျှလိမ်းပေးနိုင်သည်။ မျက်စိနာလျှင် ကျားမနိုင်သွေးပြီး မျက်လုံးတစ်ဝိုက်ကွင်းပေးပါက ရဲနေသောမျက်သားများ ပြန်ဖြူလာနိုင်သည်။ မျက်ရိုးကိုက်လျှင်လည်း ကျားမနိုင်ကို မျက်ခွံနှင့် မျက်ခုံးပေါ်တွင် လိမ်းပေးပါက သက်သာစေနိုင်သည်။

အာသီးရောင်၊ လည်ချောင်းနာ၊ အပူငုပ်၊ အသံဝင်လျှင် ကျားမနိုင်ကိုသွေးပြီး လည်ပင်း၊ မေးအောက်တွင် သုံးကြိမ်ခန့် လိမ်းပေးလျှင် သက်သာစေနိုင်သည်။

မမှည့်မပေါက်ဘဲခဲနေသော ဝက်ခြံ၊ သွေးစုနာ၊ ကိန္နရာနာ စသော အပူဖုများကိုလည်း ကျားမနိုင်သွေးလိမ်းပေးလျှင် သက်သာစေနိုင်သည်။ အနာနုလျှင်မပေါက်ဘဲ အဖုပျောက်ပြီး ချပ်သွားစေနိုင်သည်။ ဒဏ်ရာဟောင်းများကိုလည်း အမာရွတ်မထင်စေရန် ကျားမနိုင်ကို လိမ်းပေးနိုင်သည်။

လေးဖက်နာအတွက် ကောက်သွားသော လက်ချောင်း၊ အဆစ်လေးများ ဖုထစ်နေသော ကျီးပေါင်းဆစ်များကို ကျားမနိုင်သွေးလိမ်းပေးခြင်းဖြင့် သက်သာစေနိုင်သည်။

ကျားမနိုင်ကို ပရဆေးဆိုင်များတွင် အလွယ်တကူဝယ်ယူနိုင်ပါသည်။ တချို့က ကျားမနိုင်အပြင်အခေါက်ကိုခွဲပြီး တိုင်းရင်းဆေးဖော်စပ်ရာတွင် အသုံးပြုကြသည်။ တချို့က ကျားမနိုင်နွယ်မှအဆီကို နည်းအမျိုးမျိုးဖြင့် ထုတ်ယူကြသည်။ ကျားမနိုင်မှာ သောက်သုံးလျှင် ဝမ်းသွားလွန်တတ်သဖြင့် သောက်ဆေးအဖြစ် သုံးစွဲမှုမပြုကြပေ။ လိမ်းဆေးအဖြစ် သုံးစွဲခြင်းမှာ အန္တရာယ်ကင်းပြီး ထိရောက်မှုလည်းရှိသော ဆေးအေးအမျိုးအစားဖြစ်သည်။

### အဆစ်ရောင်နာနှင့် ကွမ်းရွက်ကပ်ခြင်း

တချို့အဆစ်ရောင်နာများမှာ မပူ၊ မရောင်ဘဲ အတွင်းမှနာသော အဆစ်ရောင်မျိုးလည်းရှိသည်။ ထိုရောဂါမျိုးသည် မိုးရွာတော့မည်ဆိုလျှင် အရိုးထဲမှကိုက်လာသည်။ တချို့မှာ ရေကိုင်ခြင်း၊ အဝတ်လျှော်ခြင်းများပြုလုပ်လျှင်ပင် အဆစ်ကိုက်လာသည်။

ထိုကဲ့သို့သော အဆစ်ရောင်နာမျိုးကို လိမ်းဆေးအဆီ၊ ပရုတ်ဆီ၊ လေးညှင်းဆီ၊ မုန်ညင်းဆီတို့ လိမ်းပေးလျှင် သက်သာစေနိုင်သည်။ ဖြစ်နိုင်လျှင် အဆီကိုမီးဖြင့် အပူပေးပြီးမှ စိမ့်ဝင်အောင်လိမ်းပေးလျှင် ပို၍သက်သာစေနိုင်သည်။

အတွင်းအရိုးထဲမှနာသော အဆစ်နာများအတွက် လွယ်လွယ်ကူကူနှင့် ထိရောက်သောကုသနည်းမှာ ရိုးရာကုထုံးကွမ်းရွက်ကပ်ခြင်းပင်ဖြစ်သည်။

ကွမ်းရွက်ပြောင်ချောနေသောဘက်ကို မီးအပူပေးပြီး အနည်းငယ်ပျော့ပျောင်းလာသောအခါ အဆစ်ပေါ်တွင် ကပ်ထားရုံသာဖြစ်သည်။ ကပ်နည်းမှန်ကန်လျှင် တော်တော်နှင့်ကွာမကျပါ။

ကွမ်းရွက်ကို အဆစ်၏အရွယ်အစားကိုလိုက်၍ အနေတော်ဖဲ့ပြီး အသုံးပြုနိုင်သည်။ လက်ဆစ်၊ လက်ချောင်းလေးများအတွက်ဆိုလျှင် ကွမ်းရွက်ကို အနေတော်ဖဲ့ပြီး မီးကင်ကပ်ပေးရမည်ဖြစ်သည်။ လက်ချောင်းငါးချောင်းစလုံး တစ်ချောင်းစီ စိတ်ရှည်ရှည်ကပ်ပေးရန်လိုသည်။

ခြေမျက်စိဆစ်၊ ခြေမဆစ်၊ ဒူးဆစ်များအတွက်ဆိုလျှင် ကွမ်းရွက်ကို အဆစ်ပုံသဏ္ဌာန်လိုက်၍ဖဲ့ပြီး ကပ်ရန်လိုပေသည်။

ကွမ်းရွက်သည် ဒဏ်နှင့်အတွင်းငုပ်နေသော ရောဂါများကို ဆွဲထုတ်နိုင်သောအစွမ်းရှိသည်။ မျက်လုံးတွင်ကပ်လျှင် မျက်စိဒီဂရီကို လျော့စေနိုင်သည်။ မျက်စိဒဏ်နှင့် တိမ်ရောဂါများပင် ကွမ်းရွက်ကပ်၍ ပျောက်ကင်းဖူးသော သာဓကများစွာရှိသည်။

နားကိုက်ရောဂါရှိသူသည် နားရွက်နောက် နားအုံအရိုးဖုပေါ်တွင် ကွမ်းရွက်ကို ပုံစံကျဖဲ့ပြီး ကပ်ပေးခြင်းဖြင့် သက်သာစေနိုင်သည်။ ယင်းရောဂါသည် နားစည်အတွင်းပိုင်းရှိ အရိုးနုငယ်လေးများ ရောင်သောရောဂါဖြစ်သည်။ စားဆေးနှင့်မပျောက်ဘဲ ကွမ်းရွက်အုံ၍ ပျောက်သောသူကို တွေ့ရဖူးသည်။

တစ်ခါက ဆိုင်ကယ်နှင့်စက်ဘီးတိုက်မိရာတွင် စက်ဘီးလက်ကိုင်နှင့် ဆောင့်မိသဖြင့် ဘယ်ဘက်ရင်အုံနှလုံးတည့်တည့်တွင် အောင့်နေသူ အမျိုးသမီးငယ်တစ်ဦးကိုကုသဖူးသည်။ နူးညံ့သောရင်သားဖြစ်၍ ပရုတ်ဆီလိမ်း၍လည်းမဖြစ်၊ ရင်အုံအောက်၌ရှိသော နံရိုးများကြား အမြှေးပါးရောင်သွားသော ဝေဒနာဖြစ်သည်။ နောက်ဆုံး ကွမ်းရွက်ကိုမီးကင်ပြီး ရင်သားအောက် နံရိုးပေါ်တွင် ကပ်ပေးခြင်းဖြင့် သက်သာသွားသည်။

ငွေကုန်ကြေးကျမရှိဘဲ လွယ်လွယ်ကူကူနှင့် ပျောက်ကင်းသွားသည်မှာ ခဲယဉ်းသော အရိုးအဆစ်ဖုရောင်သောဝေဒနာဖြစ်သည့်အတွက် ကွမ်းရွက်သည် ဆေးဖက်ဝင်အသုံးပြုနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

ကြည်လွင်မြင့်(မုဒြာ)

# ကျုံပျော်မြို့နယ်၌ မြို့နယ်အဆင့်စီမံကိန်းဆန်းစစ်သုံးသပ်ဆွေးနွေးပွဲကျင်းပ

ကျုံပျော် မေ ၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ကျေးရွာများ၏ သက်ဆိုင်သူအားလုံးပါဝင်သော မြို့နယ်အဆင့်စီမံကိန်းဆန်းစစ်သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို မေလ ၄ ရက် နံနက်ပိုင်းတွင် မြို့နယ်ခန်းမ၌ကျင်းပသည်။



အခမ်းအနားတွင် ကျုံပျော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလိန်းကွီးက မြို့နယ်အဆင့်စီမံကိန်းဆန်းစစ်သုံးသပ်ဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ရသည့် အားသာချက်များ၊ အားနည်းချက်များ၊ အကြံပြုချက်များကို ပွင့်လင်းစွာ ဆွေးနွေးပေးစေလိုကြောင်း ပြောကြားကာ ဆုပေးအပ်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျုံပျော်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းစွမ်းဆောင်ရည် ပထမဆုကိုလည်းကောင်း၊ ကျုံပျော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာခြည်ထွေးနှင့် တာဝန်ရှိသူများက လုပ်ငန်းစွမ်းဆောင်ရည် ဒုတိယဆုနှင့် အထူးဆုရရှိသည့် ကျေးရွာများကိုလည်းကောင်း ဆုများအသီးသီးပေးအပ်သည်။

ကျုံပျော်မြို့နယ်အတွင်း၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာယူနစ် ၈၅ ယူနစ်၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကိုကျေးရွာယူနစ်သုံးယူနစ်၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ကျေးရွာယူနစ်နှစ်ယူနစ်ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းသား၊ အသင်းသူ ၁၀၆၁၁ ဦးအား စီမံကိန်းအရင်းမပျောက်မတည်ရန်ပုံငွေကျပ် ၄၁၄၁ ဒသမ ၂၃၃ သန်းထုတ်ချေးထားကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ကျေးရွာ ၅၃ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၇၇ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

ကိုညို(ကျေးလက်)

# ပင်းတယမြို့နယ် လက်ဖက်စိုက်ခင်းများမှထွက်ရှိသော ရွှေဖီမိုးလွတ်ရွက်နုလက်ဖက်ခြောက် ရောင်းဝယ်ရေးလုပ်ငန်းများအောင်မြင်

ပင်းတယ မေ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့နယ် ရပ်ကွက်/ ကျေးရွာများ၌ နွေဦးကာလတွင် မိရိုးဖလာလက်ဖက်ခြံများမှ ထွက်ရှိသော ရွှေဖီမိုးလွတ်ရွက်နုလက်ဖက်ခြောက် ရောင်းဝယ်ရေးလုပ်ငန်းများ အဆင်ပြေအောင်မြင်လျက်ရှိကြောင်း သိရသည်။

ပင်းတယမြို့နယ် မြို့ပေါ်ရပ်ကွက်(၁၃) ရပ်ကွက် ကျေးရွာအုပ်စု ၂၇ အုပ်စု ကျေးရွာပေါင်း ၁၃၅ ရွာရှိ ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း စသည့်တိုင်းရင်းသားပြည်သူများသည် အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လက်ဖက်ခြောက်၊ လက်ဖက်အစို ခူးဆွတ်ထုတ်လုပ်ရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိသည်။

လက်ဖက်ရွက်များကို ဧပြီလမှစ၍ ခူးဆွတ်နိုင်ကြောင်း ပင်းတယမြို့နယ် ဒရယ်အင်းကျေးရွာရှိ ရွှေဖီမိုးလွတ်လက်ဖက်ခြောက် ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သည့် ဦးမောင်စိုးထံမှသိရသည်။

ပင်းတယမြို့နယ်၌ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့၏ အဓိကလုပ်ငန်းတစ်ခုဖြစ်သော ဆန်စပါး၊ ပဲအမျိုးမျိုး၊ နှစ်တိုနှစ်ရှည် သီးနှံအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုးစိုက်ပျိုးရေးလုပ်ငန်းများကို မိသားစုစားဝတ်နေရေး အဓိကစီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ရာတွင် ၇၀ ရာခိုင်နှုန်းကျော်ရှိကြောင်း၊ ထို့ပြင် တောင်ယာများ၌ မိရိုးဖလာဘိုးဘွားအမွေ လက်ဖက်စိုက်ခင်းများ ပြုစုထိန်းသိမ်းခြင်းနှင့် လက်ဖက်ခြောက်၊ လက်ဖက်အစိုများ ခူးဆွတ်ထုတ်လုပ်ရောင်းချပေးခြင်းလုပ်ငန်းသည်လည်း အရေးပါလျက်ရှိကြောင်းသိရသည်။

(၄၀၅)

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar(SSS) and Associated Studies လုပ်ငန်းများအား MV.HAI DUONG 86 ရေယာဉ်ဖြင့်ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinate များဖြစ်သော Crab2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၃၆ ဒသမ ၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၄၀ ဒသမ ၆၉ စက္ကန့်အတွင်းတွင် ၂၀၂၅ ခုနှစ် မေလ ၁၃ ရက်နေ့မှ ၂၀၂၅ ခုနှစ် မေလ ၃၁ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M-5 & M-6 ရှိ ရတနာစီမံကိန်းတွင် Provision of Side Scan Sonar (SSS) and Associated Studies လုပ်ငန်းများအား MV.HAI DUONG 86 ရေယာဉ်ဖြင့်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုကဗျာ

## ကောင်းကျိုးဝေဖြာ ပြည့်တွက်သာ

❖ ဘယ်အချိန်မှာ၊ ဘယ်နေရာမဆို
မြင်လာမီးတောက်၊ ကင်းထောက်မလပ်
စောင့်ကြပ်ကြည့်ရှု၊ သူတို့ပြုသည်
ပြည်သူ့အတွက် မီးသတ်များ။
နေ့စဉ်ထမ်းရွက် ဝတ္တရား။

❖ မီးဘေးကင်းရေး၊ အစဉ်တွေးကာ
အရေးကြုံက၊ ညီညာကြ၍
လျင်စွမြန်မြန်၊ လှုပ်ရှားပြန်သည်
အားမာန်တက်ကြွ ရှိကြဘိ။
မီးရန်ချက်ပြ သိလှ၏။

❖ မီးဘေးရေဘေး၊ ငလျင်ဘေးနှင့်
ဘေးမျိုးထွေထွေ၊ ကြုံရလေတိုင်း
တွေဝေမရှိ၊ စွမ်းသတ္တိဖြင့်
သက်ရှိလူသား၊ တန်ဖိုးထားလျက်
စွန့်စားကယ်တင် အမြဲပင်။
ဝင့်ကြွားဂုဏ်အင် စွဲထင်ထင်။

❖ မီးကိုရေနိုင်၊ စိတ်ဓာတ်ခိုင်လျက်
ချွေးဖြိုင်ဖြိုင်ကျ၊ ပူလောင်လှလည်း
မီးစညွန့်ကျိုး၊ မြေဝယ်လျှိုးမှ
တန်ဖိုးရှိဘိ၊ ချမ်းသာသိ၏
ပီတိနှလုံး အစဉ်ပြုံး။
ပြည်၏လက်ရုံး ပြည့်မျက်လုံး။

❖ နှစ်စဉ်မပျက်၊ မေ ငါးရက်မှာ
ပြည့်တွက်အံ့ချီး၊ ဂုဏ်ရှိန်ကြီးသည့်
မီးသတ်တပ်ဖွဲ့၊ ဂုဏ်မနွဲ့ဘဲ
တိုးချဲ့စွမ်းရည်၊ ရှိကြလေသည်
နှစ်တွေရှေ့တိုး၊ "ခုနစ်ဆယ့်ကိုး"မို့
ရိုးသားကြိုးစား၊ တန်ဖိုးများနှင့်
တိုးပွားစေကြောင်း၊ ဆုမွန်တောင်းသည်
ဆောင်းမိုးပမာ အေးမြသာ။
ကောင်းကျိုးဝေဖြာ ပြည့်တွက်တာ။ ။

**အာကာမောင်မောင်**

# ဆေးသမားကြီး(IDP)စခန်းတွင် မီးဘေးသင့်အိမ်ထောင်စုများအတွက် ဆန်ရိက္ခာဖိုးငွေ ၆၃၀၀၀၀၀ ကျပ် ထောက်ပံ့ပေးအပ်

စစ်တွေ မေ ၄

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့နယ် သဲချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်သို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ကျောင်းတိုက်အတွင်းလုံခြုံရေးအတွက် ဆိုလာမီးများတပ်ဆင်ပေးနိုင်ရေးနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မှန်စီလမ်းဆုံတွင် IDP စခန်းများ စီမံခန့်ခွဲမှုကော်မတီရုံးဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ရုံးအတွင်း လိုအပ်သောပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးနှင့် ရုံးဆောက်လုပ်ပြီးစီးပါက ဌာနဆိုင်ရာများနှင့် စခန်းတာဝန်ခံများက မီးဘေးလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် IDP စခန်းရှိပြည်သူများအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားနိုင်ရေး စီစဉ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် ဆေးသမားကြီး(IDP) စခန်းမီးလောင်ပြင်အားရှင်းလင်းပြီးစီးနေမှုကိုသွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးကြသည်။



စစ်တွေမြို့နယ် ဆေးသမားကြီး(IDP) စခန်းတွင် မေလ ၂ ရက် နံနက် ၄ နာရီ ၁၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားရာ မီးလောင်ကျွမ်းမှုကြောင့် ၁၀ ခန်းတွဲ လူနေအဆောင် ၁၈ ဆောင် မီးလောင်ပျက်စီးခဲ့ပြီး အိမ်ထောင်စု ၁၈၀ စုမှ လူဦးရေ ၁၂၆၀ ဦး မီးဘေးကြုံတွေ့ခဲ့ရသည့်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက မီးဘေးသင့်အိမ်ထောင်စု ၁၈၀ စု၊ လူဦးရေ ၁၂၆၀ ဦးအတွက် ဆန်ရိက္ခာဖိုးငွေ ၆၃၀၀၀၀၀ ကျပ်နှင့် ၁၉၃၈၂၀၄၀ ကျပ်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးပါ ၁၈၀ ပုံး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ASEAN Family Tent ၁၈၀ ခုနှင့် Jerry Can ရေပုံး၁၈၀ ပုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် ယာယီနေထိုင်ရေးအတွက် လိုအပ်သည်များကို ပြည်နယ်အစိုးရအဖွဲ့က ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မီးဘေးသင့်ပြည်သူများအား နယ်မြေခံတပ်မတော်ဆေးအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဒေါက်တာကြည်လွင်ဦးဆောင်၍ ဆရာဝန်၊ သူနာပြုများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကိုကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ ဆက်လက်၍ မီးဘေးသင့်ပြည်သူများအား သောက်သုံးရေများဖြန့်ဝေပေးနေမှုနှင့် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများက ရေသန့်ဆေးပြားများ ဖြန့်ဝေပေးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မီးဘေးသင့်ပြည်သူများအတွက် နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ယာယီမိုးကာတဲများ ဆောက်လုပ်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မိုးကာတဲများစနစ်တကျဆောက်လုပ်ပေးပြီး နေရာချထားကြရန်၊ မီးဘေးသင့်ပြည်သူများအတွက် သန့်ရှင်းသောရေရရှိရေး၊ ယင်လုံအိမ်သာများ အသုံးပြုနိုင်ရေး၊ စနစ်တကျချက်ပြုတ်စားသောက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားကြရန်မှာကြားသည်။

စစ်တွေမြို့နယ်၌ ၂၀၂၅ ခုနှစ် မတ်လ ၁ ရက်ကလည်း ခေါင်းဒုက္ကာကျေးရွာအုပ်စု၊ ခေါင်းဒုက္ကာ(၂) IDP စခန်းမီးလောင်မှုဖြစ်ပွားခဲ့ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့က ဆန်ရိက္ခာဖိုး၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ယာယီနေထိုင်ရန်စီစဉ်ဆောင်ရွက်ပေးထားကြောင်းနှင့် မီးလောင်ပျက်စီးခဲ့သည့် တဲတန်းလျားများ ပြန်လည်ဆောက်လုပ်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ်၂၉၇၂ ဒသမ ၀၃၁ သန်းကျခံ၍ ပြန်လည်ဆောက်လုပ်ရန် စီမံပေးထားကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)၊ ဓာတ်ပုံ- ဝင်းမင်းစိုး**

# စံပြကျေးရွာများသည် အခြားဒေသများထက်စံနမူနာပြဖြစ်စေရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရမည်

နေပြည်တော် မေ ၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ရွှေတောင်စုခေတ်မီစံပြကျေးရွာ (Smart Village)သို့သွားရောက်၍ ကျေးရွာဘက်စုံသုံးခန်းမတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် (၂၆) မြို့နယ်တွင် ကျေးရွာပေါင်း ၁၂၀၀၀ ကျော်ရှိသည့်အနက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ မြို့နယ် (၁၁) မြို့နယ်အတွင်း၌ ခေတ်မီစံပြကျေးရွာ (Smart Village) ၁၁ ရွာ ထူထောင်ပေးခဲ့ကြောင်း၊ စံပြကျေးရွာနှင့်လျော်ညီစွာ ကဏ္ဍကြီး(၆)ရပ်သတ်မှတ်၍ လမ်းတံတားနှင့် ရေ၊ မီး အပါအဝင် စီမံကိန်းလုပ်ငန်းများကို ငါးနှစ်ကာလ သတ်မှတ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စံပြကျေးရွာဆိုသည့်အတိုင်း အခြားဒေသများထက်စံနမူနာပြဖြစ်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုပါ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။



ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးထားသည့် အိမ်သွယ်ရေတိုင်စနစ်နှင့် ရေမီတာတပ်ဆင်ပေးထားမှုများကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကျေးရွာတွင်း ပေ ၃၀၀ ကွန်ကရစ်ဘီးလမ်း ဆောင်ရွက်ပေးထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဇလွန်မြို့နယ် ကျောင်းစုကျေးရွာသို့သွားရောက်၍ ဘက်စုံသုံးခန်းမ၌ ကျေးရွာကော်မတီဝင်များ၊ အပ်ချုပ်သင်တန်းသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးထားသည့် အမြင့်တင်ရေစင်၊ အိမ်သွယ်ရေတိုင်စနစ်နှင့်ရေမီတာတပ်ဆင်ပေးထားမှုများကိုလည်းကောင်း၊ ဝင်ငွေတိုးစီမံကိန်းတက်ရောက်အောင်မြင်ပြီး ကိုယ်ပိုင်လုပ်ငန်းထူထောင်ထားသော ဒေါ်မေသူဇာဦး၏ စက်ချုပ်လုပ်ငန်းကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့ညနေပိုင်းကလည်း လေးမျက်နှာမြို့နယ် ခတ္တူကျေးရွာနှင့် ခုံကြီး - ခြောက်ဆယ် - ရိုးကြီးကျေးရွာတို့သို့ ဆက်သွယ်ထားသော လမ်းပေါ်ရှိ ပေ ၂၂၀ သံကူကွန်ကရစ်တံတားအား သွားရောက်ကြည့်ရှုစစ်ဆေး၍ ခတ္တူနှင့် တံတားအကြား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျောက်လမ်းကိုလည်းကောင်း၊ တံတားနှင့်ခုံကြီးကျေးရွာအကြား ပြင်ထိန်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်းကောင်း ကြိုးကြပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် သမိုင်းဝင်စတုမုခထူပါရုံစေတီတော်မြတ်ကြီးအားဖူးမြော်၍ ဝေနမြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေများကို လိုက်လံကြည့်ရှုသည်။ယင်းနောက် လေးမျက်နှာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သွားရောက်ပြီး တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး လေးမျက်နှာမြို့နယ်အတွင်း နယ်မြေစိုးမိုးရေးဆောင်ရွက်နေကြသည့် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ငွေကျပ်သိန်း ၁၁၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် အုပ်ချုပ်မှုလုပ်ငန်းသုံးပစ္စည်းများကိုလည်းကောင်း၊ ဒေသခံပြည်သူ့စစ်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

**၄-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၆၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**❑ ကျောဖုံးမှအဆက်**


ကွင်းဆက်ဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ တင်ဆောင်ပေးသူ ရဲသွေးအောင်(ခ)ဖိုးလပြည့်အား အောင်ပန်းမြို့၊ ဗိုလ်ချုပ်ကွင်းရှိ ကုန်စည်ပို့ဆောင်ရေးဂိတ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ အဆိုပါဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

မြဝတီ

တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးမြို့ မဟာမုနိဘုရားကြီးအား အထူးစီမံကိန်းတစ်ရပ်အဖြစ် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုဖူးမြော်စဉ်။

နေပြည်တော်  မေ ၄

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ငလျင်ဒဏ်ကြောင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ ပျံလွန်၊ ကွယ်လွန်ခဲ့ကြသည့် ရဟန်း၊ ရှင်၊ လူပြည်သူများအတွက် လှူဒါန်းထောက်ပံ့



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ယာယီကယ်ဆယ်ရေးစခန်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ပေးအပ်ပွဲကို  ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)အားကစားခန်းမ၌ပြုလုပ်ရာ စစ်ကိုင်းမြို့၊ လေးကျွန်းမြေရပ်၊ လေးကျွန်းမြေအုဌ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မပိယာလင်္ကာရအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ ပျံလွန်၊ ကွယ်လွန်ခဲ့ကြသည့် ရဟန်း၊ ရှင်၊ လူပြည်သူများ၏မိသားစုဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် (၁)မိနစ်ခန့်မတ်တတ်ရပ်၍ ငြိမ်သက်ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တက်ရောက်လာကြသူများက လေးကျွန်းမြေအုဌ်ကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဒါန်းငွေကျပ်သိန်း ၁၇၂၀ ကို ဆရာတော်ထံ လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့ကို မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြသည့် ရဟန်း၊ ရှင်၊ လူပြည်သူများအတွက်ရည်စူး၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် ထုံးဘိုရပ်ကွက်ရှိ ရှင်ပင်နံ့ကိုင်းစေတီသို့သွားရောက်ကာ  ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများကို  ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် ပန်းပဲတန်းရပ်ကွက်နှင့်  မိုးဇာရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော  လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုအားပေးကြသည်။ ၎င်းနောက် ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများရှိ ဆရာ/ဆရာမများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က အခြေခံစားသောက်ကုန်များပေးအပ်သည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့နယ်အတွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ရိက္ခာမယ် (၅)မျိုးထောက်ပံ့ပေးအပ်ခြင်းကို စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ နှစ်(၇၀၀)ပြည့် အားကစားခန်းမ၌ ပြုလုပ်သည်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဒဏ်သင့်ပြည်သူများအား  အားပေးစကားပြောကြားစဉ်။

ဦးစွာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ်(၁)မိနစ်ခန့်မတ်တတ်ရပ်၍ ငြိမ်သက်ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရိက္ခာအမယ်(၅)မျိုး ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ထို့နောက် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ရိက္ခာအမယ်(၅)မျိုးအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ရာ ငလျင်ဒဏ်သင့်ပြည်သူများမှ လက်ခံရယူကြသည်။

အလားတူ  ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော  အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး၊ အများပြည်သူများ နေ့စဉ်သွားလာနေသည့် လမ်းများဖြစ်သည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၁၂ သို့ ◆**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်ခရိုင်အတွင်း လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ တိုက်ရိုက်ရောင်းချပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# မဟာဂန္ဓာရုံကျောင်းတိုက်တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များဆက်ကပ် ပြန်လည်ပြင်ဆင်လျက်ရှိသည့် ရှေးဟောင်းဘုရားများအား ဖူးမြော်ကြည်ညို



**မန္တလေး မေ ၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဝန်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင်မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်တွင် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များဆက်ကပ်ပွဲအခမ်းအနားသို့တက်ရောက်၍ ဆရာတော်ကြီး ၂ ပါးအား ဘွဲ့တံဆိပ်တော်များဆက်ကပ်သည်။

ဦးစွာမဟာမြိုင်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တသာသနက ငါးပါးသီလ ချီးမြှင့်တော်မူပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မဟာဂန္ဓာရုံကျောင်းတိုက် မဟာနာယကချုပ် ဆရာတော် ဘဒ္ဒန္တကုလွှေဘာသာဘိဝံသ မထေရ်မြတ်အား ဘွဲ့တံဆိပ်တော် အဆောင်အယောင်နှင့် နဝကမ္မဝတ္ထုငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရမဟာမြိုင်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တသာသန မထေရ်မြတ်တို့ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ မဟာမြိုင်ကျောင်းတိုက်ဆရာတော်က အနုမောဒနာတရားချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတောင်တော်သို့ ရောက်ရှိပြီး ပြန်လည်ပြင်ဆင်လျက်ရှိသည့် ရွှေသိမ်တော်စေတီနှင့် စန္ဒမုခိစေတီတော်များကိုလည်းကောင်း၊ မန္တလေးတောင်တော်သမိုင်းနှင့် ဆက်စပ်လျက်ရှိသော မြွေကြီးနှစ်ကောင်ဘုရားကိုလည်းကောင်း ဖူးမြော်ကြည်ညို၍ တောင်တော်ဂေါပကအဖွဲ့ထံ ဘုရားစေတီများပြုပြင်ရာ၌ လိုအပ်သည့်နေရာတွင် အသုံးပြုရန် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

မြဝတီ




မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးစဉ်။

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများပြုလုပ်

**နေပြည်တော် မေ ၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လာရောက်ဆွေးနွေးသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ တပ်ရင်းတပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နှင့်စပ်လျဉ်း၍ Power Point ဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

◆ စာမျက်နှာ ၁၁ မှအဆက်

ထို့နောက် မဟာမုနိဘုရားကြီးသို့သွားရောက်၍ မဟာမုနိဘုရားကြီးအား ဖူးမြော်၍ကြည်ညိုကာ ပန်း၊ ရေချမ်း ဆက်ကပ်ပူဇော်သည်။ ယင်းနောက် မဟာမုနိဘုရားကြီးအား ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်စဉ် အန္တရာယ်ကင်းရှင်းစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဘုရားကြီး၏အရှေ့ဘက်စမြင်အား ယာယီဒေါက်တိုင်များထောက်၍ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဘုရားကြီးရင်ပြင်တွင် သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ဘုရားကြီးပြုပြင်ဆောင်ရွက်ရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် တန် ၂၀ ကရိန်းရောက်ရှိမှုနှင့် နေရာချထားရန်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ မဟာမုနိဘုရားကြီးအား အထူးစီမံကိန်းတစ်ရပ်အဖြစ် ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ဂန္ဓကုဋီတိုက်နှင့် ထီးတော်အကြီးစားပြင်ဆင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ ဂန္ဓကုဋီတိုက်အတွင်းပိုင်း ကြံ့ခိုင်မှုအခြေအနေများ၊ ဘုရားကြီးအား အကြီးစားပြင်ဆင်နေစဉ်ကာလအတွင်း ဘုရားဖူးပြည်သူများ အဆင်ပြေချောမွေ့စွာ ဖူးမြော်နိုင်ရေးတို့အတွက် ရုပ်ရှင်တော်မြတ်ကြီးအား ယာယီအပူဇော်ခံမဏ္ဍပ်တွင် LED ဖြင့်ပြသ၍ အပူဇော်ခံနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်သည့် အလှူရှင်များ အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ရန် ယာယီအလှူခံမဏ္ဍပ်ဖွင့်လှစ်ထားရှိပြီး ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့၊ အမရပူရမြို့နယ်ရှိ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများအား ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများ အမြန်ဆုံးဖယ်ရှားရှင်းလင်းနိုင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူ ယာယီကယ်ဆယ်ရေးစခန်းသို့လည်းကောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ငလျင်ဒဏ်သင့်ပြည်သူ ယာယီကယ်ဆယ်ရေးစခန်းသို့လည်းကောင်း သွားရောက်၍ ငလျင်ဒဏ်သင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းကာ တာဝန်ရှိသူများအား သောက်ရေသုံးရေဖူလုံစွာရရှိရေး စနစ်တကျစီစဉ်ဆောင်ရွက်ပေးရန်၊ စည်းကမ်းတကျနေထိုင်နိုင်စေရေး၊ အမှိုက်များ စွန့်ပစ်ကန်ဖြင့် စနစ်တကျစွန့်ပစ်နိုင်စေရေး၊ သန့်စင်ခန်းများအား လူဦးရေအချိုးအလိုက် တည်ဆောက်ပေးပြီး ယင်လုံအောင် စနစ်တကျဆောင်ရွက်စေရေးနှင့် ယာယီနေထိုင်သူများကို စနစ်တကျမှတ်တမ်းပြုစုထားရှိစေရေးတို့အား မှာကြားခဲ့ပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့၊ ပတ္တာကျေးရွာအုပ်စု၊ စက်မှုဇုန်သွားကားလမ်း ဝဲ/ယာတစ်လျှောက် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့အပြင် မြစ်သားမြို့နယ်၊ ကူမဲမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကူမဲ-ကင်းတား(၂၁)မိုင်သွားကားလမ်းဘေးရှိ အမှိုက်ပုံနေရာနှင့် လမ်းခွကျေးရွာအုပ်စု၊ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ်(၃၆၅)အနီးရှိ အမှိုက်ပုံနေရာများအားလည်း တစ်ချိန်တည်းတစ်ပြိုင်တည်းသန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက် ကျောက်ဆည်မြို့၊ ဈေးတန်းရပ်ကွက်နှင့် ရဲစုရပ်ကွက်တို့ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိ အဆောက်အအုံ(၂)လုံးအား ယန္တရားဖြင့်ရှင်းလင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရှိအဆောက်အအုံများ ထိခိုက်မှုမရှိစေဘဲ ရှင်းလင်းဆောင်ရွက်နိုင်ရေး အကြံပြုကြပ်မတ်ဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အန္တရာယ်ထိခိုက်မှုမရှိစေရန်နှင့်ယာဉ်ကြောပိတ်ဆို့မှုများမဖြစ်စေရန်မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ(၅၈၂၇)လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ(၅၅၃၈)လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့်အန္တရာယ်ရှိ အဆောက်အအုံ(၂၈၉)လုံးမှ အဆောက်အအုံ(၂၃၀)လုံးအား ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ(၅၉)လုံးဖြစ်ကြောင်း သိရှိရသည်။

၎င်းနောက် စဉ့်ကိုင်မြို့နယ်ရှိ မားမားစက်ရုံနှင့် SunJin မြန်မာအစာတောင့်စက်ရုံများသို့သွားရောက်၍ ငလျင်လှုပ်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ အဆောက်အအုံများပျက်စီးခြင်း၊ စက်ပစ္စည်းများ ချွတ်ယွင်းခြင်းတို့ဖြစ်ပေါ်ခဲ့၍ လုပ်ငန်းများရပ်တန့်ခဲ့ရာမှ ယခုအခါပြုပြင်ပြီးစီး၍ လုပ်ငန်းများပြန်လည်လည်ပတ်နေမှုများအား သွားရောက်စစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ကျောက်ဆည်မြို့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ပျက်စီးသွားသောအဆောက်အဦများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့်အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့်ရရှိရေးစီမံဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ဟိုပုံးမြို့မှထုတ်လုပ်သောရှမ်းရိုးမဘိလပ်မြေ (၈၉၆၂)အိတ်၊ ကျောက်ဆည်မြို့၊ M-Steel သံမဏိစက်ရုံမှ ထုတ်လုပ်သော(HRB-400) 10mm(3.9kg)သံချောင်း (၂၃.၂၅) တန်၊ (HRB-400) 16mm (11.5kg)သံချောင်း (၄၂.၇၅)တန်နှင့် ကျောက်ဆည်မြို့၊ ကံကောင်းခြင်းရတနာထုတ်လုပ်မှုလုပ်ငန်းကုမ္ပဏီလီမိတက် (Jewellery Luck Production Company) သစ်အချောထည်စက်ရုံမှထုတ်လုပ်သော 7mm (grade-B) အထပ်သား (၄၈၅)ချပ်အသီးသီးတို့အား ပြည်သူများလက်ဝယ်သို့ တိုက်ရိုက်ရောင်းချပေးနေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများမှ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# သမိုင်းမှတ်တမ်းများကပြောသော မီးသတ်တပ်ဖွဲ့နေ့

ရှေးခေတ်နှောင်းခေတ်မဟူ ခေတ်အဆက်ဆက်တွင်နေထိုင်လာခဲ့ကြသော လူတို့သည်ဘေးအန္တရာယ်အမျိုးမျိုးကို ကြောက်ရွံ့ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ဘေးအန္တရာယ်အမျိုးမျိုးရှိသည့်အနက် မီးဘေးသည် တစ်ပါးအပါအဝင်ဖြစ်ရာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်နှင့် မီးလောင်မှုဖြစ်ပွားလာပါက ငြိမ်းသတ်နိုင်ရန် သက်ဦးစံပိုင်ဘုရင်များလက်ထက်ကပင် စီမံဆောင်ရွက်လာခဲ့ကြသည်။ မီးသတ်လုပ်ငန်း၏ သဘောသဘာဝအရ တစ်ဦးတစ်ယောက်တည်းလုပ်၍မရဘဲ လူအများပေါင်းစပ်ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ရာ အုပ်ချုပ်သူဘုရင်များ၊ ရဲမက်များ၊ ပြည်သူများ၏ စုပေါင်းစွမ်းအားဖြင့်သာ မီးဘေးအန္တရာယ်ကို ထိရောက်စွာကာကွယ်နိုင်ကြောင်း ရှေးကပင် သိရှိလာခဲ့ကြသည်။

မြန်မာနိုင်ငံတွင်လည်း ရှေးမြန်မာဘုရင်များလက်ထက်ကပင် မီးဘေးလုံခြုံရေးအတွက် အထူးအလေးထားဆောင်ရွက်ခဲ့ကြသည်။ ပုဂံမင်းဆက် ၄၃ ဆက်မြောက်မင်းဖြစ်သော အနော်ရထာမင်း (အေဒီ ၁၀၄၄-၁၀၇၇) လက်ထက်တွင် ပုဂံမင်းနေပြည်တော်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးကပ်သား(မီးသတ်သမား) ၆၆၃ ဦးကို ခန့်ထား၍ နေ့စဉ်ပင် မီးကို အချိန်အကန့်အသတ်ဖြင့် အသုံးပြုရန် မောင်းကြေးနင်းခတ်၍ နှိုးဆော်သတိပေးစေခဲ့ကြောင်း၊ ပုဂံမင်းနေပြည်တော်၏ မီးဘေးကာကွယ်ရေးအတွက်ထားရှိသည့် မီးကပ်သားအရေအတွက်နှင့် ၎င်းတို့၏လုပ်ငန်းတာဝန်များကို အစွဲပြု၍"သောသောညံ ပုဂံမီးဆော်မောင်း" ဟူ၍ အတိုကောက်လင်္ကာဖြင့် အစဉ်အဆက်မှတ်သားခဲ့ကြသည်။

၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲပြီးနောက် မြန်မာနိုင်ငံတစ်ဝန်းလုံး နယ်ချဲ့အင်္ဂလိပ်၏လက်အောက်သို့ကျရောက်ခဲ့ရသည်။ ဗြိတိသျှအစိုးရသည် ၎င်းတို့၏ စီးပွားရေး၊ စစ်ရေးအရ အဓိကအချက်အချာကျသောမြို့များဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ စစ်တွေမြို့တို့၏ မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် အတွေ့အကြုံရှိသော အင်္ဂလိပ်များ၊ ကပြားများ၊ စစ်တကောင်းကုလားများပါသော မီးသတ်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ မြို့ကြီးများမှ ကျန်မြို့ငယ်ရွာငယ်များ၏ မီးဘေးအန္တရာယ်ကာကွယ်မှုအား လျစ်လျူရှုထားသဖြင့် မြန်မာနိုင်ငံအနှံ့အပြားမြို့ရွာများတွင် အမျိုးသားရေးစိတ်ဓာတ်ရှိသော ဩဇာအာဏာနှင့် စည်းရုံးရေးကောင်းသော ရပ်ရွာမျက်နှာဖုံးပုဂ္ဂိုလ်များက ဦးစီးဦးဆောင်ပြုလျက် မိမိတို့မြို့ရွာမီးဘေးကာကွယ်ရေးအတွက် အမျိုးကိုစောင့်ရှောက်သည့် မျိုးချစ်အပျော်တမ်း မီးသတ်အဖွဲ့အစည်းများကို ဒေသအလိုက်ထူထောင်လာခဲ့ကြသည်။

ထိုသို့ မီးသတ်တပ်ဖွဲ့အမျိုးမျိုးရှိသော်လည်း ပူးပေါင်းဆောင်ရွက်မှုအားနည်းခဲ့သည်။ တစ်နိုင်ငံလုံးတွင် ဖွဲ့စည်းထားသော စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့များ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းကိုယ့်အဖွဲ့နှင့်ကိုယ် ရပ်တည်နေခဲ့ကြရာမှ အမြော်အမြင်ရှိသော မီးသတ်တပ်ဖွဲ့ခေါင်းဆောင်များက တစ်နိုင်ငံလုံးစုစည်းညီညွတ်သော အဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်ပေါ်လာအောင် စတင်ကြိုးပမ်းလာခဲ့သည်။

**ပထမအကြိမ် မီးသတ်ညီလာခံ**

စေတနာ့ဝန်ထမ်း အစည်းအရုံးများစုစည်းရန်အတွက် ဗမာပြည်လုံးဆိုင်ရာမီးသတ်အစည်း အရုံး ပထမအကြိမ်ညီလာခံကို ၁၉၄၆ ခုနှစ် မေလ ၅ ရက်တွင် ရန်ကုန်မြို့ ကန်တော်ကလေး ဇိနတ် (ဇိနတ္တူ) အစ္စလာမ် မိန်းကလေးကျောင်းခန်းမ၌ ပထမအကြိမ်



ဗမာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်းမီးသတ်အစည်းအရုံးကြီး ညီလာခံကိုကျင်းပခဲ့သည်။ ညီလာခံကို တစ်ပြည်လုံးရှိ ၁၉ ခရိုင်မှ ကိုယ်စားလှယ်ပေါင်း ၁၉၇ ဦး တက်ရောက်ခဲ့ကြသည်။

ညီလာခံပထမနေ့တွင် သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဆွေနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ တက်ရောက်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းက မီးသတ်လုပ်ငန်းနှင့်ပတ်သက်၍ မိန့်ခွန်းတွင်"မီးသတ်အဖွဲ့သားများ၏ တာဝန်မှာ စည်းကမ်းအရေးကြီး၍ အထူးမြင့်မြတ်သော ဝန်ထမ်းအလုပ်ကြီးဖြစ်ကြောင်း၊ စစ်တပ်များတွင် သူရဲကောင်းများပေါ်ပေါက်သကဲ့သို့ မီးသတ်လုပ်ငန်းတွင် သူရဲကောင်းများပေါ်ပေါက်ကြသည့်အနက် မီးသတ်သူရဲကောင်းမှာ သူတစ်ပါးတိုက်ခိုက်ရခြင်းမဟုတ်ဘဲ စွန့်စားသူများဖြစ်သဖြင့် အထူးမြင့်မြတ်သော သူရဲကောင်းများဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

**မြန်မာ့နိုင်ငံရေးနှင့် မီးသတ်တပ်ဖွဲ့အခြေအနေ**

မြန်မာနိုင်ငံ၏အခြေအနေသည် ထိုကာလများဆီက အစစအရာရာ လိုအပ်ချက်များစွာရှိနေဆဲဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဒုတိယကမ္ဘာစစ်ဘေးဒဏ်ကိုခံခဲ့ရသည့်အပြင် လွတ်လပ်ရေးရလုရခင်နိုင်ငံ့ခေါင်းဆောင်ကြီးများလုပ်ကြံခံခဲ့ရခြင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း နိုင်ငံရေးမတည်ငြိမ်မှုများရှိနေခြင်း၊ ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှု၊ ဘေးဒဏ်အမျိုးမျိုးခံရခြင်းတို့ကို ရင်ဆိုင်ခံစားခဲ့ရသည်။ အဆိုပါအခြေအနေများကြောင့် လူထုအနေဖြင့် စစ်ဘေးစစ်ဒဏ်၊ မီးဘေးမီးဒဏ်ကို ဆိုးရွားစွာခံစားခဲ့ကြရသည်။

တစ်ဖက်တွင်လည်း မီးသတ်အဖွဲ့အစည်းများအနေဖြင့် တစုတစည်းတည်း စုရုံးထားနိုင်သေးသည့်အခြေအနေတွင်သာရှိသေးပြီး တပ်ဖွဲ့အဖြစ် စည်းမျဉ်းစည်းကမ်းများနှင့် စနစ်တကျ ဖွဲ့စည်းထားနိုင်ခြင်းမဟုတ်သလို တစ်နိုင်ငံလုံးရှိ မီးသတ်တပ်ဖွဲ့များနှင့်တပ်ဖွဲ့ဝင်များအားလုံးအတွက် ပြဋ္ဌာန်းထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေများလည်း ထုတ်ပြန်ဆောင်ရွက်နိုင်ခြင်း မရှိသေးသော အခြေအနေတွင်ရှိနေသည်။ ထို့ပြင် လွတ်လပ်ရေးရပြီးခါစ အုပ်ချုပ်ရေးစနစ်ကလည်း စပ်ကူးမပ်ကူးကာလဖြစ်နေသည့်အလျောက် မီးသတ်အဖွဲ့အစည်းများတွင် နိုင်ငံခြားသားအုပ်ချုပ်မှုများက ရှိနေသေးသည်။ စနစ်ကအခြေမခိုင်ခင် အပြောင်းအလဲလည်းများခဲ့သည်။ သို့သော် မီးသတ်တပ်ဖွဲ့၏ဖွဲ့စည်းမှုပုံသဏ္ဌာန်က ပီပြင်မှုရှိလာသည်။

**မီးသတ်အစည်းအရုံးကြီး၏ မျှော်မှန်းချက်များ**

ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီး ဖွဲ့စည်းပြီးသည့်အခါ မီးသတ်အစည်းအရုံးကြီးက အဖွဲ့အစည်း၏ ရည်မှန်းလုပ်ဆောင်ရန်အချက်များကို ထုတ်ပြန်ခဲ့သည်။ ထိုခေတ်က မီးသတ်တပ်ဖွဲ့ကို ဦးစီးဦးဆောင်ပြုခဲ့သူများ၏အမြော်အမြင်နှင့် ဦးတည်ချက်ကိုတွေ့မြင်ရသည်။ အဖွဲ့ကြီး၏ ဆောင်ရွက်ရန်လုပ်ငန်းစဉ်များကိုလေ့လာကြည့်လျှင် ၎င်းတို့က မီးသတ်အစည်းအရုံးကြီးကို မီးငြိမ်းသတ်ရန်တစ်ခုတည်းရည်ရွယ်ပြီး ဖွဲ့စည်းခဲ့ခြင်းမဟုတ်ကြောင်း တွေ့ရမည်ဖြစ်သည်။ မီးသတ်အစည်းအရုံးကြီး၏ လုပ်ငန်းစဉ်ကို သုံးပိုင်းခွဲထားသည်။

ပထမပိုင်းတွင် ပြည်သူ့အန္တရာယ်ကာကွယ်ရေးလုပ်ငန်းတွင် မီးဘေးကာကွယ်ရေး၊ သူနာပြုခြင်း၊ ရောဂါဆိုးနှင့် လူဆိုးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဟူ၍ လုပ်ငန်းအဆင့်များခွဲခြားထားသည်။ လုပ်ငန်းအဆင့်တစ်ခုချင်းစီ၏ အမည်ကိုမြင်လိုက်သည်နှင့် လုပ်ဆောင်သည့်အကြောင်းအရာကို တန်းခနဲမြင်နိုင်သည်။ စိတ်ဝင်စားဖို့ကောင်းသည်မှာ လူဆိုးဘေးမှ မြို့ရွာလူထုအေးငြိမ်းအောင် ကာကွယ်စောင့်ရှောက်ခြင်းနှင့် မီးဘေးဒုက္ခသည်များသာမက ရေဘေး၊ လေဘေး ဘေးဒုက္ခရောက်နေသူများကို ကယ်ဆယ်၍နေရာချပေးခြင်း၊ ကူညီစောင့်ရှောက်ခြင်းလုပ်ငန်းစဉ်ဖြစ်သည်။

ဒုတိယပိုင်း၌ စေတနာ့ဝန်ထမ်းလုပ်ငန်းရပ်များတွင် အိမ်တွင်းအရေးများသာမက ရပ်ရွာအရေး ကိစ္စများကိုပါ ဝိုင်းဝန်းကူညီဆောင်ရွက်ရန် လုပ်ငန်းစဉ်ချမှတ်ထားခြင်းဖြစ်သည်။ ကျေးလက်နေပြည်သူလူထု၏ ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ဓာတ်ပိုင်းဆိုင်ရာပါ ပြုပြင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အထိ ရည်မှန်းထားသည်။

တတိယပိုင်းက ပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးတို့ကိုပါ ဦးတည်လုပ်ဆောင်ရန် ပစ်မှတ်တည်ထားခဲ့ခြင်းဖြစ်သည်။

**သမိုင်းမှတ်တမ်းတင်ရမည့်နေ့**

ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးကို ဖွဲ့စည်းတည်ထောင်နိုင်လိုက်ခြင်းသည် အပျော်တမ်းမီးသတ်တပ်ဖွဲ့များအနေဖြင့် သူ့နယ်ကိုယ့်နယ်၊ သူ့ဝါဒကိုယ့်ဝါဒဖြင့် စီမံဆောင်ရွက်နေရာမှ အားလုံးတစ်ပြေးညီ တစ်မိုးအောက်တွင် အတူတကွပူးပေါင်းဆောင်ရွက်လာနိုင်ကြသည်။ တစ်ချိန်က ဝါသနာပါရာအလုပ်တစ်ခုအဖြစ် အပျော်တမ်းမီးသတ်တပ်ဖွဲ့ကိုဝင်ရောက်လုပ်ကိုင်ခဲ့ကြသော်လည်း ထိုသို့ဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် မည်သည်က မည်သို့ဂုဏ်ယူရမည်ဆိုသည့်အချက်ကို မသိခဲ့ကြချေ။ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သောမိန့်ခွန်းပါအချက်အလက်များသည် အပျော်တမ်းမီးသတ်တပ်ဖွဲ့ဝင်များကို အားတက်စေခဲ့သည်။ မီးသတ်လုပ်ငန်းသည် လူငယ်လူရွယ်များကို မွန်မြတ်သော ပရဟိတလုပ်ငန်းဖြစ်ကြောင်း ရှေ့ဆောင်လမ်းပြဖြစ်စေခဲ့သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာမီးသတ်အစည်းအရုံး ပထမအကြိမ်ညီလာခံကြီး၏ဆုံးဖြတ်ချက်အရ ၁၉၄၆ ခုနှစ် မေလ ၅ ရက် "အစည်းအရုံးကြီးတည်ထောင်သောနေ့ကို မီးသတ်နေ့ (မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့)(Burma Fire Services Day-B.F.S Day)" ဟု တညီတညွတ်တည်းသတ်မှတ်ခဲ့ရာ ယခုဆိုလျှင် (၇၉) နှစ်မြောက်တိုင်ခဲ့ပြီဖြစ်ကြောင်း ဂုဏ်ပြုတင်ပြလိုက်ရပါသည်။ ။

အာနိုး(ကလေး)

# ၂၀၂၅-၂၀၂၆ လေ့ကျင့်ရေးနှစ်အတွက် သင်တန်းလျာထားချက်များကို ဇွန်လဆန်းတွင် သင်တန်းများအောင်မြင်စွာ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရမည်

**နေပြည်တော် မေ ၄**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်သည် ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)သို့ရောက်ရှိပြီး တက္ကသိုလ်အစည်းအဝေးခန်းမ၌ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်(စီမံခန့်ခွဲရေး)၊ ဌာနကြီးမှူးများ၊ တက္ကသိုလ်ပညာရပ်အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက လမ်းညွှန်ချက်နှင့်အညီ ၂၀၂၅-၂၀၂၆ လေ့ကျင့်ရေးနှစ်အတွက် သင်တန်းလျာထားချက်များကို ဇွန်လဆန်းတွင် သင်တန်းများအောင်မြင်စွာဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ရုပ်ပိုင်းဆိုင်ရာ အဆောက်အအုံများ အဆင်သင့်ဖြစ်နေသလို ပညာဌာနမှူးများမှလည်း ဝန်ထမ်းများအတွက် အသိပညာ၊ အတတ်ပညာများကို အရည်အသွေးအပြည့်အဝပို့ချပေးနိုင်ပါက မည်သည့်အခက်အခဲများနှင့်ရင်ဆိုင်ရသည်ဖြစ်စေ အောင်မြင်စွာကျော်ဖြတ်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းအင်အားအလိုက် သင်တန်းအိပ်ဆောင်၊ စာသင်ဆောင်များတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ လေ့ကျင့်သင်ကြားနိုင်ရေးနှင့် စားသောက်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ ပညာဌာနအလိုက် သင်ရိုးညွှန်းတမ်း၊ ပို့ချဘာသာရပ်များ စနစ်တကျ ပြင်ဆင်ထားရန် မှာကြားသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ လေ့ကျင့်ရေးနှစ် သင်တန်းလျာထားချက်နှင့်အညီ သင်တန်းသားများထားရှိမည့် သင်တန်းအိပ်ဆောင်၊ စားရိပ်သာများ၊ သင်တန်းခန်းမများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# အရည်အသွေးမြင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်တွင်းသာမက ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး ကောင်းမွန်အောင်ဆောင်ရွက်




**နေပြည်တော် မေ ၄**

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ရသေ့တောင်ကျေးရွာရှိ တိုးတက်မုန့်ဖတ်ခြောက်ထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုး၊ မွေးမြူရေးထွက်ကုန်များကိုအခြေခံပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး၊ အရည်အသွေးမြင့် ထုတ်ကုန်များထုတ်လုပ်၍ ပြည်တွင်းသာမက ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး၊ အရည်အသွေးနှင့်ထုပ်ပိုးမှုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ လယ်ဝေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့သို့သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်နေမှု အခြေအနေများ၊ ကျောင်းအိပ်၊ ကျောင်းစားထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများ စိတ်ချမ်းမြေ့စွာ သင်ကြားလေ့ကျင့်နိုင်ရေးအုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများနှင့် ဆရာ၊ ဆရာမများမှ စနစ်တကျကြီးကြပ်ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကိုမှာကြားပြီး ကျောင်းသား၊ ကျောင်းသူများအားတွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့်စားသောက်စရိတ်များ ပေးအပ်သည်။

ယင်းနောက် လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၈၂၆)ရှိ တောင်သူ ဒေါ်သင်းသင်းခိုင်၏ နွေစပါးစိုက်ခင်းအား သဘာဝမြေသြဇာနှင့် ယူရီးယားဓာတ်မြေသြဇာများ ပက်ဖျန်းနေမှုကို ကြည့်ရှုအားပေးကာ တောင်သူများအတွက် သရုပ်ပြဆောင်ရွက်ထားသည့် သဘာဝမြေဆွေးပုံများနှင့် တီကောင်မွေးမြူရေးကန်များအား ကြည့်ရှုစစ်ဆေးပြီး တောင်သူများနှင့်တွေ့ဆုံ၍သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး၊သီးထပ်ရာခိုင်နှုန်းတိုးမြှင့်စိုက်ပျိုးနိုင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း နည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးရေး၊ သဘာဝမြေသြဇာကို တောင်သူများကိုယ်တိုင်ပြုလုပ်သုံးစွဲရေး၊ စိုက်ပျိုးရေးအပြင် မွေးမြူရေးလုပ်ငန်းများဖြစ်သော ဥစားကြက်နှင့်ဆိတ်၊ နွားများကို ခြံလှောင်စနစ်ဖြင့် တိုးချဲ့မွေးမြူနိုင်ရေးတို့ကို မှာကြားကြောင်း သိရသည်။

မြဝတီ

# မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်မဲပေးခြင်းများဆောင်ရွက်



**နေပြည်တော် မေ ၄**

မြန်မာအီလက်ထရောနစ်မဲပေးစက်သည် မြန်မာနိုင်ငံရွေးကောက်ပွဲသမိုင်းတွင် ပထမဆုံးအသုံးပြုမည့် မြန်မာနိုင်ငံမှ ထုတ်လုပ်ပြီး မြန်မာနိုင်ငံသားများကိုယ်တိုင်တီထွင်ထားသည့် မဲပေးစက်ဖြစ်ပြီး အဆိုပါ မဲပေးစက်အသုံးပြု၍ မဲပေးခြင်းဖြင့် ပယ်မဲဖြစ်ပေါ်မှုမရှိခြင်း၊ မဲရေတွက်ခြင်းအတွက် အချိန်ကြန့်ကြာမှုများ၊ ကိန်းဂဏန်းလွဲမှားမှုများကိုကျော်လွှားပြီး အချိန်တိုအတွင်း တိကျမှန်ကန်သည့် မဲရလဒ်များ ထုတ်ပြန်ဆောင်ရွက်နိုင်မည်ဖြစ်၍ အငြင်းပွားဖွယ်ဖြစ်ရပ်များ၊ မဲမသမာမှုများမရှိနိုင်တော့ဘဲ ပိုမိုပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ မေခခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့်တကွ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# မန္တလေးလျောင်ဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် သိန်း ၃၀၀ ပေးအပ်လှူဒါန်း

**နေပြည်တော် မေ ၄**

မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဖွံ့ဖြိုးရေးကော်မတီနှင့် အများပြည်သူများက ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ငွေကျပ်သိန်း ၃၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)ရုံး၌ လာရောက်ပေးအပ်လှူဒါန်းသည်။

အဆိုပါလှူဒါန်းငွေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ




**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများကပ်လှူပူဇော်စဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း ထိခိုက်ခဲ့သည့်နေရာများအား ပြန်လည်ပြုပြင်ခြင်းဆောင်ရွက်ရန် စီမံဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အနီရောင်အဆင့်သတ်မှတ်ထားသည့် ကုံကော်အိမ်ရာ တိုက်အမှတ်(၉)၌ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတို့မှ ကျွမ်းကျင်ပညာရှင်များက အဆောက်အဦကြံ့ခိုင်ရေးတိုင်းတာသည့်စက်ကိရိယာ ၅ မျိုးဖြင့် အဆောက်အဦကြံ့ခိုင်မှုအား စစ်ဆေးနေမှုကိုကြည့်ရှုစစ်ဆေးစဉ်။



အနီရောင်အဆင့်သတ်မှတ်ထားသည့် ကုံကော်အိမ်ရာ တိုက်အမှတ်(၉)၌ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတို့မှ ကျွမ်းကျင်ပညာရှင်များက အဆောက်အဦကြံ့ခိုင်ရေးတိုင်းတာသည့်စက်ကိရိယာ ၅ မျိုးဖြင့် အဆောက်အဦကြံ့ခိုင်မှုအား စစ်ဆေးနေမှုကို တွေ့ရစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သပြေ(၂) အဆောင် (၅) အပျိုဆောင်နှင့် သပြေ(၄) အဆောင်(၈) လူပျိုဆောင်တို့တွင် ငလျင်ဒဏ်ကြောင့်အနည်းငယ်ထိခိုက်ခဲ့သည့်နံရံများကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက ယာယီရုံးများဖွင့်လှစ်ထားရှိပြီး ရုံးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေ၊ ရုံးပင်မအဆောက်အဦနှင့် တိုးချဲ့အဆောက်အဦများ ပျက်စီးခဲ့မှုအခြေအနေများကိုရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျွမ်းကျင်ပညာရှင်များ စစ်ဆေးပြီးသည့် ရုံးအဆောက်အဦများ ပြန်လည်ပြုပြင်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အနီရောင်အဆင့်သတ်မှတ်ထားသည့် ကုံကော်အိမ်ရာ တိုက်အမှတ်(၉)၌ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတို့မှ ကျွမ်းကျင်ပညာရှင်များက အဆောက်အဦကြံ့ခိုင်ရေးတိုင်းတာသည့် စက်ကိရိယာ ၅ မျိုးဖြင့်အဆောက်အဦကြံ့ခိုင်မှုအားစစ်ဆေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စစ်ဆေးရာတွင်တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များ၊ ပြန်လည်ပြုပြင်တည်ဆောက်ရမည့် အကြံပြုချက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီးဝန်ထမ်းများကိုအားပေးစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သပြေ(၂) အဆောင် (၅) အပျိုဆောင်နှင့် သပြေ(၄) အဆောင်(၈) လူပျိုဆောင်တို့တွင် ငလျင်ဒဏ်ကြောင့် အနည်းငယ်ထိခိုက်ခဲ့သည့် နံရံများကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက Sikalatex ဆေးရည်၊ ကျုံ့ခြင်းမရှိသော ဘိလပ်မြေအခြေခံဘက်စုံသုံး ဆေးမှုန့်(SikaGrout)နှင့် ဘိလပ်မြေများ ရောစပ်၍ ကွဲအက်ခဲ့သည့်နေရာများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အနီရောင်အဆင့်သတ်မှတ်ထားသည့် သဇင်(၅) အဆောင်(၁၈)လူပျိုဆောင်ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့မှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အဆောင်များပတ်ဝန်းကျင်တွင် သန့်ရှင်းရေးများဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည်ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ဘုရားရင်ပြင်တော်အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရင်ပြင်တော်ရှိ နေပူခံကျောက်ပြားများ စနစ်တကျဖယ်ရှားရှင်းလင်းထားရှိမှု၊ လိုဏ်တော်အတွင်း ထိခိုက်ခဲ့သည့်နေရာများအား ပြန်လည်ပြုပြင်ခြင်းဆောင်ရွက်ရန် စီမံဆောင်ရွက်ထားရှိမှုများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကိုလိုအပ်သည်များလမ်းညွှန်မှာကြားကာ လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ရုံးအတွင်း ယာယီရုံးခန်းများဖွင့်လှစ်၍ ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲဆိုင်ရာများနှင့်ဆက်စပ်သည့်ရုံးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် Server Room များကို ရှင်းလင်းပြသစဉ်။



လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနရုံးအတွင်း Modular House များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်ထားမှုကို တွေ့ရစဉ်။





အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရှိ ယာယီရုံးခန်းများတည်ဆောက်နေမှု၊ ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများ ယာယီတည်းခိုနေထိုင်ရန် ဘာရှာများတည်ဆောက်ရန် မြေနေရာများရွေးချယ်သတ်မှတ်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**★ ရှေ့ဖုံးမှအဆက်**

အဆိုပါရုံးအတွင်း Modular House များဖြင့် ယာယီရုံးခန်းများဖွင့်လှစ်၍ ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲဆိုင်ရာ ဆက်စပ်သည့် ရုံးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် Server Room များကိုလိုက်လံ ရှင်းလင်းပြသရာ ဒုတိယဝန်ကြီးချုပ်က Server များ၊ ကွန်ပျူတာများအနေဖြင့် ယာယီ အဆောက်အဦအတွင်း စနစ်တကျထားရှိ ဆောင်ရွက်ရေးနှင့် လုံခြုံရေးဆိုင်ရာ အထူး ဂရုပြုဆောင်ရွက်ရန် မှာကြားသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းလိုက်ပါလျက် ယာယီရုံးခန်းများ တည်ဆောက်နေမှုနှင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီတည်းခိုနေထိုင်ရန် ဘာရှာများတည်ဆောက်ရန် မြေနေရာ များရွေးချယ်သတ်မှတ်ထားမှုများကိုကြည့်ရှု စစ်ဆေးပြီး မေလမကုန်မီ ယာယီရုံးခန်းများ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးစီးသည့် အိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည် များလမ်းညွှန်မှာကြားသည်။

အဆိုပါနေရာတွင် ယာယီဝန်ထမ်းအိမ်ရာ ၇၅ လုံး တည်ဆောက်သွားမည်ဖြစ်ပြီး ( ၄၀ ပေ x ၂၂ ပေ ) ၂ ခန်းတွဲ ၁၀ လုံးနှင့် ဆောက်လုပ်ရန်မြေနေရာရွေးချယ်သတ်မှတ်ထားမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့များသည် ဆောက်လုပ်ပြီးစီးသည့်ယာယီဝန်ထမ်းအိမ်ရာများတွင် ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများ နေထိုင်လျက်ရှိသည့်အခြေအနေ၊ ဝန်ထမ်းအိမ်ရာများ ထပ်မံတည်ဆောက်နေမှုတို့ကို လိုက်လံ


ဖွင့်လှစ်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်သမားဝန်ကြီးဌာန ယာယီဝန်ထမ်းအိမ်ရာသို့ ရောက်ရှိကြပြီး အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက ယာယီအိမ်ရာများ အကွက်ချပုံစံ၊ ယာယီရုံးအဆောက်အဦ ဆောက်လုပ်ရန် မြေနေရာရွေးချယ်သတ်မှတ်ထားမှု၊ ယာယီဝန်ထမ်းအိမ်ရာအတွင်း သောက်သုံးရေ၊ မီး၊ မိလ္လာစနစ်များဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး (၂၀ ပေ x ၂၂ ပေ) ၂ ခန်းတွဲ ၇ လုံးတည်ဆောက်ပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရှိသည့်အိမ်ရာများကိုလည်း အမြန်ဆုံးဆက်လက်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက ရုံးအနီးရှိ မြေ ၂၂ ဧကအတွင်း ယာယီဝန်ထမ်းအိမ်ရာ တည်ဆောက်ထားရှိမှု၊ Modular House

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက ယာယီအိမ်ရာများအကွက်ချပုံစံ၊ ယာယီရုံးအဆောက်အဦဆောက်လုပ်ရန်မြေနေရာရွေးချယ်သတ်မှတ်ထားမှု၊ ယာယီဝန်ထမ်းအိမ်ရာအတွင်း သောက်သုံးရေ၊ မီး၊ မိလ္လာစနစ်များဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အလုပ်သမားဝန်ကြီးဌာနရှိ ယာယီဝန်ထမ်းအိမ်ရာများဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၌ ဆောက်လုပ်ပြီးစီးသည့် ယာယီဝန်ထမ်းအိမ်ရာများတွင် နေထိုင်လျက်ရှိသည့် ဝန်ထမ်းမိသားစုများကိုအားပေးစကားပြောကြားစဉ်။

ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းမိသားစုများကို အားပေးစကားပြောကြား၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ယာယီဝန်ထမ်းအိမ်ရာတွင် ၄၅ ပေ x ၂၄ ပေ (၁၀) ခန်းတွဲဘားတိုက် ၂ လုံး၊ ၃၆ ပေ x ၁၅ ပေ (၃) ခန်းတွဲ ၁၇ လုံးနှင့် ၂၄ ပေ x ၁၅ ပေ (၂)ခန်းတွဲ ၁ လုံးတည်ဆောက်ပြီးစီးပြီဖြစ်၍ ဝန်ထမ်းအိမ်ထောင်စုအချို့နေထိုင်လျက်ရှိပြီး တည်ဆောက်ဆဲ ယာယီအိမ်ခန်းများပြီးစီးသည်နှင့်အမျှ ဝန်ထမ်းမိသားစုများ ဆက်လက်နေရာချထားမည်ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ စိုက်ပျိုးမြေအားလုံး၏ ၃၀ ရာခိုင်နှုန်းကျော်မှာ ဆီထွက်သီးနှံဖြစ်ပြီး ဆီထွက်သီးနှံစိုက်ပျိုးဧရိယာအားလုံး၏ ၇၁ ရာခိုင်နှုန်းကျော်သည် မိုးနှမ်းသီးနှံစိုက်ဧရိယာများဖြစ်သည်။ သို့ဖြစ်ပါ၍ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်မှ အဓိကထုတ်ကုန်တစ်မျိုးဖြစ်သော နှမ်းကို အရည်အသွေးပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်ပြီး ကောင်းမွန်ခိုင်မာသော ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်ခြင်းမှ ကုန်သွယ်ရောင်းဝယ်ခြင်းအထိ ကဏ္ဍစုံမှနှီးနွှယ်ပတ်သက်သူများအားလုံးဖြင့် ဈေးကွက်လိုအပ်ချက်အတိုင်း ဓာတုဓာတ်ကြွင်းကင်းစင်၍ အရည်အသွေးကောင်းမွန်သော နှမ်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရန်၊ ပြည်ပပို့ကုန်ဈေးကွက်ကောင်းရရှိသည့် နှမ်းမျိုးသန့်များ အာဟာရတန်ဖိုးမလျော့ကျစေရေးနှင့် ဓာတ်ကြွင်းအာနိသင်မရှိစေရေး၊ နှမ်းသီးနှံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ တောင်သူများသိရှိလိုက်နာလာစေရန်၊ တောင်သူများ၏ သမားရိုးကျလုပ်ငန်းဆောင်ရွက်မှုအပေါ် သိပ္ပံနည်းကျလေ့လာသုံးသပ်၍ ခေတ်မီနည်းပညာများလိုက်နာကျင့်သုံးလာစေရန်၊ တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်ပြီး စိုက်ပျိုးရေးကဏ္ဍများ ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အပံ့ဖြစ်စေရန်၊ ပူးပေါင်းဆောင်ရွက်ခြင်းမှရရှိလာသည့် အကျိုးအမြတ်များကြောင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြားသောသူများလည်း ကျယ်ပြန့်စွာပါဝင်ဆောင်ရွက်လာခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များအထိ တိုးတက်ထုတ်လုပ်နိုင်စေရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိသည်။



တောင်သူများအနေဖြင့် ဓာတုဓာတ်ကြွင်းကင်းစင်၍ အရည်အသွေးကောင်းမွန်ပြည့်ဝပြီး တစ်ဧက တင်း ၂၀ ပန်းတိုင်အထွက်နှုန်းရရှိရန် ရည်ရွယ်ချက်ထားရှိ၍ အလေးထားစိုက်ပျိုးရန် အောက်ပါနည်းပညာများကို ကျင့်သုံးဆောင်ရွက်သင့်ကြောင်း အကြံပြုတိုက်တွန်းလိုသည်။

နှမ်းသည် ရေစီးရေလာကောင်းပြီး မြေဩဇာထက်သန်သောမြေမျိုး၊ မစေးလွန်းမဖွယ်လွန်းသောမြေမျိုးနှင့် မချဉ်လွန်းမငန်လွန်းသောမြေမျိုးကို နှစ်သက်သည်။ အထူးသဖြင့် ပွရွှသောမြေများတွင် ကောင်းစွာဖြစ်ထွန်းသည်။ အစိုဓာတ်ထိန်းသိမ်း၍ ရေမဝပ်သောမြေများကို ကြိုက်နှစ်သက်သည်။ မိုးရေနှင့် အစိုဓာတ်သင့်တင့်ပါက မြေမျိုးစုံ၌ စိုက်ပျိုးနိုင်သည်။

နှမ်းသည် မြေ၏ အပူချိန် ၇၀° F / ၂၁°C ထက်အေးပါက နှမ်းမျိုးစေ့များ အပင်မပေါက်နိုင်ပါ။ နေ့စဉ်ပျမ်းမျှအပူချိန် ၈၀°F / ၂၆°C ရှိပါက အပင်ကြီးထွားမှုနှင့် သီးပွင့်မှုကိုအားပေးသည်။ နှမ်းမှာမိုးရေချိန် လက်မ ၂၀ ခန့်ကို ညီညွတ်မျှတစွာရပါက လုံလောက်သည်။ ရေငတ်ဒဏ် အသင့်အတင့်ခံနိုင်သည်။

မိုးကြိုသီးနှံအဖြစ် ရေသွင်းစိုက်ပျိုးမည်ဆိုပါက မစိုက်မီမြေပြုပြင်ချိန်တွင် တစ်ကြိမ်၊ စိုက်ပြီး အပင် ၄ – ၆ လက်မရှိချိန် သို့မဟုတ် ၂၅–၃၀ ရက်သားတွင်တစ်ကြိမ်၊ ပန်းပွင့်စုံချိန်တွင် တစ်ကြိမ် စုစုပေါင်း ရေသုံးကြိမ်ပေးသွင်းသင့်သည်။ စိုထိုင်းဆအနေဖြင့် ၇၀ ရာခိုင်နှုန်းအောက်ကျပါက အပွင့်အောင်မြင်မှုနည်းသည်။ နှမ်းကို ပင်လယ်ပြင်အထက်အမြင့်ပေ ၄၀၀၀ ကျော်အထိ စိုက်ပျိုးနိုင်သည်။

လက်ရှိစိုက်ပျိုးလျက်ရှိသောနှမ်းမျိုးများမှ ဒေသအလိုက် အခေါ်အဝေါ်အမျိုးမျိုးကွဲပြားလျက်ရှိပြီး မျိုးကွဲများလည်း ကွဲပြားလျက်ရှိသည်။ အဓိကအားဖြင့် တောင်သူများသည် နှမ်းကို နှမ်းလျင်နှင့် နှမ်းကြီးဟူ၍ ခွဲခြားကြသည်။

နှမ်းလျင်မှာ မိုးကြိုစိုက်အဖြစ် ဖေဖော်ဝါရီ-မတ်လအတွင်းစိုက်ပျိုးနိုင်ပြီး မိုးစိုက်အဖြစ် မေ-ဇွန်လတွင်စိုက်ပျိုးနိုင်သည်။ လယ်သီးထပ်အဖြစ် အောက်တိုဘာ – နိုဝင်ဘာလအတွင်း စိုက်ပျိုးနိုင်သည်။ အသက်ရက်မှာ ၇၅ – ၉၀ ရက်ခန့်ရှိသည်။

နှမ်းကြီးကို မိုးနှောင်းစိုက်အဖြစ်ဩဂုတ် – စက်တင်ဘာလအတွင်း စိုက်ပျိုးနိုင်သည်။ နေ့တာတုံ့ပြန်မှုရှိသဖြင့် အခြားအချိန်တွင် စိုက်ပျိုးလေ့မရှိကြပါ။ အသက်ရက်မှာ ၁၂၀–၁၃၅ ရက်ခန့်ရှိသည်။ သက်လျင်သက်ရက် ၆၀–၇၀၊ သက်လတ်သက်ရက် ၈၀–၉၀၊ သက်ကြီးသက်ရက် ၁၂၀–၁၅၀ ဟူ၍လည်း သက်ရက်အလိုက် နှမ်းမျိုးအုပ်စုသုံးမျိုးခွဲခြားကြသည်။

မြန်မာနိုင်ငံတွင် လက်ရှိစိုက်ပျိုးနေသော နှမ်းမျိုးများ၏အများစုမှာ ကိုင်းဖြာသောမျိုးများဖြစ်ကြသည်။ တစ်ပင်တိုင်ကိုင်းမဖြာမျိုးအချို့လည်းရှိသည်။

နှမ်းပင်သည် အပင်ငယ်စဉ်တွင် များစွာနုးညံ့၍ မြေတွင်းမှ တိုးထွက်နိုင်ရန် ထွန်ရေးညက်ရန်လိုသည်။ ထို့ပြင် မြေတွင်း၌ အမြစ်ကောင်းစွာဆင်းပြီး လေ၊ ရေ၊ အာဟာရများ မျှတစွာရရှိရန် ထွန်ရေးနက်နက်ထွန်ပေးရန်လိုအပ်သည်။ မိုးဦးစိုက်ပျိုးပါက သကြံန်မတိုင်မီ မိုးကြိုမိုးခံထယ်ရေး ထွန်ထားရန် လိုအပ်သည်။ ထယ်ရေးနက်နက်ရရှိစေရန်သုံးသွားစက်ထယ်ဖြင့် ထွန်ယက်ပေးသင့်သည်။

သီးထပ်လယ်မြေများနှင့် ကိုင်းမြေများတွင် ထယ်ခွဲပေး၍ အစိုဓာတ်သင့်တင့်ချိန်တွင် ထွန်မွှေပြီး မြေညီရန်နှင့် အစိုဓာတ်ထိန်းရန် ကျမ်းတုံးဖြင့် ဖုံးဖိထားရမည်။ ဒလိမ့်တုံး၊ ခါးကျမ်းတုံးများကိုသုံး၍လည်း ထယ်ခဲခြေပေးပြီး ထွန်ရေးပြုပြင်နိုင်သည်။

နှမ်းစိုက်ရန်အတွက် သင့်လျော်သည့်အတန်းအကွာအဝေးမှာ တစ်ပင်တိုင်မျိုးအတွက် ၂၁ လက်မ၊ ကိုင်းဖြာမျိုးအတွက် ၁၅ လက်မဖြစ်သည်။ ပင်ကြားမှာ ၄ လက်မဖြစ်သည်။ မြေသန်လျှင် ၁၈ လက်မအတန်း စိုက်ပျိုးနိုင်သည်။ ကြောင်းဆွဲရာတွင် များစွာမနက်ရန်လိုသည်။ ကြောင်းနက်ပါက မျိုးစေ့များမတွန်းကန်နိုင်ဘဲ အပင်ပေါက်ညံ့မည်ဖြစ်သည်။ တစ်ဧကလျှင် မျိုးစေ့ ၂–၄ ပြည်အထိ အသုံးပြုနိုင်ပြီး အသင့်လျော်ဆုံးအပင်ဦးရေမှာ တစ်သိန်းခွဲခန့် လိုအပ်သည်။

နှမ်းစိုက်ပျိုးရာတွင် မြေအောင်းပိုးများရန်မှ ကာကွယ်ရန်၊ အပင်ပေါက်နှုန်းကောင်းရန်၊ အပင်ပေါက်များသန်မာရန်၊ နှမ်းဖိုရောဂါနှင့် နှမ်းရိုးမည်းရောဂါများကာကွယ်ရန်အတွက် မျိုးစေ့လူးနယ်ဆေးကို အသုံးပြုရန်လိုအပ်မည်ဖြစ်သည်။ နှမ်းစိုက်ပျိုးပြီးလျှင်ပြီးချင်း မိုးမိသွားလျှင် ထိပ်တင်း၍နှမ်းပင်ငယ်များ မြေတွင်းမှမတွန်းနိုင်ဘဲနေမည်ဖြစ်သဖြင့် မြေဖန့်သွားလျှင် ထွန်သွားချွန်ချွန်တပ်ဆင်၍ ကန့်လန့်ဖြတ်ဖွင့်ပေးရမည်။ သို့မှသာလျှင် အပင်ပေါက်ညီညာ၍ အထွက်ကောင်းမည်ဖြစ်သည်။ စိုက်တန်းအတွင်း မျိုးစေ့ချရမည့် အကွာအဝေးမှာ ၃ – ၅ လက်မဖြစ်ပြီး တစ်ကြိမ်မျိုးစေ့ချလျှင် ၁၀ စေ့ခန့်ချပေးရန်လိုအပ်သည်။ မျိုးစေ့များ မြေတွင်းချပေးရမည့်အနက်မှာ ၁–၂– ၃–၄ လက်မခန့်ဖြစ်သည်။ နို့ဆီဘူးအောက်ခြေတွင် ၃ လက်မ သံချောင်းဖြင့် အပေါက်တစ်ပေါက်ဖောက်ပြီး မျိုးစေ့ချကိရိယာအဖြစ်လည်းအသုံးပြုနိုင်သည်။ ထွန်ကြောင်းခံလက်ကြဲနည်းစနစ်ဖြင့်လည်း စိုက်ပျိုးနိုင်သည်။

နှမ်းစိုက်ပျိုးရာတွင် အထူးသဖြင့်မျိုးစေ့များ မြေကြီးထဲနက်နက်ချထားပါက မတွန်းကန်နိုင်ဘဲရှိမည်ဖြစ်သဖြင့် ကြောင်းတိမ်တိမ်ဆွဲ၍ မြေကြီးနှင့် ခပ်ပါးပါးဖုံးပေးရန်လိုအပ်သည်။ အတန်းလိုက်စိုက်ပျိုးခြင်းအားဖြင့် ပေါင်းရှင်းရလွယ်ကူခြင်း၊ ပင်ကြားတန်းကြား ပေါင်းသင်မြေဆွ ကြားထွန်ဝင်ရလွယ်ကူခြင်း၊ လေဝင်လေထွက်ကောင်းမွန်စေခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရာတွင် လွယ်ကူခြင်း၊ အပင်ခွဲရာတွင်လွယ်ကူခြင်းစသည့် အကျိုးများရရှိစေ၍ အထွက်တိုးခြင်းကို အထောက်အကူပြုစေသည်။ ၁၅ ရက်သားတွင်တစ်ကြိမ် ၃၅ ရက်သားတွင် တစ်ကြိမ် လက်ပေါင်းလိုက်ပေးရန်လိုအပ်သည်။

ပေါင်းမြက်ကင်းစင်လေ အထွက်ကောင်းလေဖြစ်သည်။ လက်ပေါင်းမရှင်းပါက အပင်ငယ်များကို ပေါင်းမြက်များက ဖုံးအုပ်သွားနိုင်သည်။ ၁၅ ရက်သားတွင် လက်ပေါင်းမလိုက်မီ အပင်ငယ်များကို လေးသွားထွန်ဖြင့်မှုန်းပေးပြီးမှ လက်ပေါင်းလိုက်ပေးရမည်။ အပင်ခွဲပြီး အပင်ခြေမြေဖို့ရန်နှင့် ပေါင်းမြက်များကိုဖုံးအုပ်သွားစေရန် ကြားထွန်လိုက်ပေးရမည်။ မြေအစိုဓာတ်အခြေအနေကိုကြည့်၍ ကြားထွန်ဖြင့်လည်းကောင်း၊ သံထွန်ဖြင့်လည်းကောင်း အနည်းဆုံး သုံးကြိမ်ခန့် ကြားထွန်လိုက်ပေးရမည်။

နှမ်းပင်ငယ်များသည် ပေါင်းမြက်ဒဏ်ကိုမခံနိုင်သဖြင့် ပေါင်းကင်းစေရန် အပင်ခြေအထိကပ်၍ ကြားထွန်လိုက်ပေးရန်လိုအပ်သည်။ နှမ်းကိုအပူပိုင်းဒေသများတွင်စိုက်ပျိုးသဖြင့် အစိုဓာတ်နည်းပါးသည်။ အစိုဓာတ်နှင့် အာဟာရကို ပေါင်းမြက်များကလုယူစားသုံးခြင်းမှကာကွယ်ရန်အတွက် အပင်ငယ်စဉ်ကပင် ကာကွယ်နှိမ်နင်းရန် အထူးလိုအပ်သည်။

နှမ်းအထွက်ကောင်းစေရန် မြေပြင်ချိန်တွင် နွားချေး၊ မြေဆွေးလှည်းအစီး ၅ – ၁၀ စီးခန့်ထည့်ပေးရန်လိုအပ်သည်။ မြေဆီလွှာကောင်း၊ သင့်၊ ညံ့ အပေါ်မူတည်၍ စိုက်ပျိုးရာသီတစ်လျှောက် သင့်တင့်သောဓာတ်မြေဩဇာများကို အချိုးညီ အချိန်ကိုက်ကျွေးသင့်သည်။ မြေဩဇာအသင့်အတင့်ကြွယ်ဝသောမြေအတွင်း (၂၆:၁၃:၇) (နိုက်ထရိုဂျင်၊ ဖော့စဖိတ်၊ ပိုတက်)ကီလိုဂရမ်/ဟေက္တာ ထားသုံးသင့်သည်။

အပူပိုင်းနှင့် သမပိုင်းဒေသများတွင် ဖော့စဖိတ်သည် မြေကြီး၏ထိန်းချုပ်မှုကြောင့် အပင်အထွက်ကောင်းစွာမရရှိစေသဖြင့် ထည့်သွင်းနည်းမှန်ကျင့်သုံးရန်လိုသည်။ မြန်မာနိုင်ငံတွင် နှမ်းကို အထက်မြန်မာပြည် အပူပိုင်းဒေသများ၌ ပိုမိုစိုက်ပျိုးကြသဖြင့် နွားချေး၊ မြေဆွေးနှင့် ဓာတ်မြေဩဇာများကို မစိုက်မီ ၇–၁၀ ရက်ခန့် ကြိုတင်၍ထည့်ပေးရန်လိုသည်။

**စာမျက်နှာ ၂၆ သို့ ■**

■ စာမျက်နှာ ၂၅ မှအဆက်

မြေသြဇာများကို ကြိုတင်ထည့်ပေးခြင်းဖြင့် စိုက်ချိန်၌ အချိန်ကုန်သက်သာပြီး အစိုဓာတ်မိစေနိုင်မည် ဖြစ်သည်။

နှမ်းသီးနှံတွင် အထွက်နှုန်းကိုထိခိုက်စေနိုင်သည့် ပိုးမှာ ဖြုတ်စိမ်း၊ ဖြုတ်ညိုနှင့် ရွက်လိပ်ပိုးဖြစ်ပြီး ရောဂါမှာ နှမ်းဖိုရောဂါနှင့် နှမ်းရိုးမည်းရောဂါတို့ဖြစ်ကြသည်။

အပင်ငယ်စဉ်ကျရောက်မည့် စုပ်စားပိုးများအတွက် မျိုးစေ့လူးနယ်ဆေးက ကာကွယ်ပေးမည်ဖြစ်ပြီး သက်ရက် ၂၅ - ၃၀ ပွင့်ဖူးဝင်ချိန်(ကြက်ချေးစုချိန်)တွင် ဖြုတ်စိမ်း၊ ဖြုတ်ညိုပိုးများ ကာကွယ်နှိမ်နင်းရန်လိုအပ်သည်။ ဖြုတ်ညိုပိုးသည် အပင်ကိုအားနည်းစေရုံသာမက နှမ်းဖိုရောဂါကိုပါ ကျရောက်စေသဖြင့် ပွင့်ဖူးဝင်ချိန်တွင် ဖြုတ်ညိုပိုးကို မဖြစ်မနေအထူးကာကွယ်ရန်လိုအပ်သည်။

နှမ်းဖိုရောဂါကျရောက်ပါက အရွက်သေးငယ်ခြင်း၊ ဆစ်ကြားတိုခြင်း၊ ကြားဖူးများမှ မူမမှန်ကိုင်းများစွာထွက်ခြင်း၊ အပွင့်အင်္ဂါအစိတ်အပိုင်းများ အစိမ်းရောင်ဖြစ်ခြင်းတို့ကိုတွေ့ရှိနိုင်သည်။

နှမ်းရိုးမည်းရောဂါသည် ရေဝပ်သောနှမ်းခင်းများတွင် ကျရောက်တတ်သည်။ နှမ်းပင်၏ ပင်ခြေပိုင်း၌ အညိုရောင်အနာကွက်ငယ် စတင်ဖြစ်ပေါ်သည်။ ရောဂါပြင်းထန်ပါက ရောဂါရအပိုင်းရှိတစ်သျှူးသားများ ညိုမည်းလာပြီး အချို့မှာ အနာချိုင့်ဖြစ်လာသည်။ အခေါက်များလည်းဖွာလန်၍လာသည်။ ယင်းတစ်သျှူးသားပေါ်တွင် ခပ်မည်းမည်းအဖုလေးများဖြစ်ပေါ်လာသည်။ ထိုအချိန်တွင် နှမ်းပင်ခြေရင်းတွင် လုံးဝမည်းနက်ပြီး အပင်အပေါ်ပိုင်းလည်း အဝါရောင်ပြောင်းကာညှိုးစပြုလာသည်။ နောက်ဆုံးတစ်ပင်လုံးမည်းခြောက်၍သေသွားသည်။ ရောဂါရနှမ်းရိုးကို ထက်ခြမ်းခွဲကြည့်ပါက မှိုမျှင်စုများတွေ့နိုင်သည်။

အထွက်နှုန်းလျော့နည်းရသည့် အဓိကအကြောင်းရင်းဖြစ်သည့် အောက်သီးများကွဲခြင်းမဖြစ်စေရန် မျိုးအလိုက်အသီးပီပြင်သည့် အဖျားသီးများခွဲကြည့်၍ အရောင်လိုက်ပါက ရိတ်သိမ်းရန် သို့မဟုတ် နှမ်းပင်အရွက်များဝါလာလျှင် ရိတ်သိမ်းရန်ဖြစ်သည်။ ရိတ်သိမ်းပြီးနောက် ထွာဆိုင်ခန့်စည်းပြီး ဖိုခုံလောက်ဆိုင်အစည်းများထောင်၍နေလှန်းပေးရမည်။ အသီးများပွင့်လာ၍ အစေ့များခြောက်သွေ့ပါက အစည်းကိုဇောက်ထိုးထားပြီး သန့်ရှင်းစင်ကြယ်သော စောင်ကြမ်းများပေါ်တွင်ရိုက်ခါ၍ အစေ့ခြွေခြင်းပြုလုပ်နိုင်သည်။

သန့်စင်ပြီးနှမ်းစေ့များအား အစိုဓာတ် ၉ ရာခိုင်နှုန်းရှိအောင်လှန်းပြီး အလုံပိတ်ထားသောပုံးများ၊ သိုလှောင်အိတ်များ၊ ပုတ်များဖြင့်သိုလှောင်ရမည်ဖြစ်သည်။ မြေ၊ မျိုး၊ စိုက်နည်းစနစ်၊ သွင်းအားစုပြုစုနိုင်မှုအပေါ် မူတည်၍ တစ်ဧကလျှင် တင်း ၃၂၀ အထိထွက်ရှိနိုင်သည်။ နှမ်းတစ်တင်းမှ နှမ်းဆီခြောက်ပိဿာထွက်ရှိသည်။

နှမ်းသီးနှံမှထုတ်လုပ်နိုင်သော တန်ဖိုးမြှင့်ထုတ်ကုန်များမှာ နှမ်းဆီ၊ နှမ်းယို၊ နှမ်းလှော်၊ နှမ်းဖတ်၊ နှမ်းလှော်ဆီမွှေး စသည်တို့ဖြစ်သည်။

နှမ်းကိုစားသုံးခြင်းဖြင့် ဆံသားကျန်းမာခြင်း၊ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းကိုကာကွယ်စေခြင်း၊ အရေပြားကျန်းမာခြင်း၊ သွားကျန်းမာခြင်း၊ အစာခြေလွယ်စေခြင်း၊ စွမ်းအင်ရရှိစေသော အရင်းအမြစ်ဖြစ်ခြင်း၊ သွေးဖိအားထိန်းပေးခြင်း၊ အရိုးကျန်းမာစေခြင်း၊ စိတ်ဖိစီးမှုနှင့်စိတ်ဓာတ်ကျခြင်းကိုသက်သာစေခြင်း၊ Unsaturated Fats ကြွယ်ဝခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့်လည်း ဖော်ပြပါနည်းလမ်းများအတိုင်း လိုက်နာကျင့်သုံးစိုက်ပျိုးလျက်ရှိရာ နှစ်စဉ်ဆက်တိုက် ဓာတုဓာတ်ကြွင်းကင်းစင်၍ အရည်အသွေးပြည့်ဝပြီး ပန်းတိုင်အထွက်နှုန်းများ ရရှိသည်အထိ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

ဂန့်ဂေါမြို့နယ်အတွင်းရှိ တောင်သူများအနေဖြင့် နှမ်းနီ ၂၅/၁၆၀၊ မကွေးဖြူ စမုန်နက်၊ ဆင်းရတနာ -၅၊ ဆင်းရတနာ - ၃ စသည့်မျိုးများကို အဓိကထားစိုက်ပျိုးလျက်ရှိပြီး ၂၀၂၃-၂၀၂၄ ခုနှစ် နှမ်းစိုက်ဧက ၅၅၅၂၆ စိုက်ပျိုးပြီး တစ်ဧကလျှင် ၆ ဒသမ ၉၁ တင်းနှုန်းဖြင့် ၃၈၃၆၇၄ တင်း ထွက်ရှိပြီးပန်းတိုင်ဧက ၅၀၀၀ တွင် ၂၀ ဒသမ ၂၀ တင်းနှုန်းဖြင့် ၁၀၁၀၀၀ တင်း ထွက်ရှိကာ ၂၀၂၄-၂၀၂၅ ခုနှစ်စိုက်ဧက ၅၅၇၀၉ စိုက်ပျိုးပြီး တစ်ဧကလျှင် ၉ ဒသမ ၄၈ တင်းနှုန်းဖြင့် ၅၂၈၀၀၀ တင်းထွက်ရှိပြီး ပန်းတိုင်ဧက ၅၅၀၀ တွင် ၂၀ ဒသမ ၄၅ တင်းနှုန်းဖြင့် ၁၁၂၅၀၀ တင်းထွက်ရှိသည်အထိ ဖြစ်ထွန်းအောင်မြင်ပြီး ဒေသတွင်းကြိတ်ခွဲ၍လည်းကောင်း၊ အခြားဒေသများသို့ တင်ပို့ရောင်းချ၍လည်းကောင်း ဆောင်ရွက်လျက်ရှိပြီး တောင်သူများဝင်ငွေတိုးပွား၍ ပြုံးပျော်ရွှင်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်မှ အဓိကထုတ်ကုန်တစ်မျိုးဖြစ်သောနှမ်းကို အရည်အသွေးပြည့်မီစွာစိုက်ပျိုးထုတ်လုပ်နိုင်ပြီး ကောင်းမွန်ခိုင်မာသော ဈေးကွက်သို့တင်ပို့ရောင်းချနိုင်ရေးအတွက် စိုက်ပျိုးထုတ်လုပ်ခြင်းမှ ကုန်သွယ်ရောင်းဝယ်ခြင်းအထိ ကဏ္ဍစုံမှနှီးနွှယ်ပတ်သက်သူများအားလုံးဖြင့် ဈေးကွက်လိုအပ်ချက်အတိုင်း ဓာတုဓာတ်ကြွင်းကင်းစင်၍ အရည်အသွေးကောင်းမွန်သော သီးနှံထုတ်ကုန်များထွက်ရှိရေးအတွက် တောင်သူများ၊ ဒေသအုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုန်သည်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း အကြံပြုတိုက်တွန်းရင်း မြန်မာနိုင်ငံတစ်ဝန်းရှိတောင်သူဦးကြီးများအားလုံး စီးပွားရေးများတိုးတက်အောင်မြင်ပြီး ကိုယ်စိတ်နှလုံးရွှင်ပြုံးကြစေရန် ဆုမွန်ကောင်းတောင်းပေးလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၅-၂၀၂၅ (တနင်္လာနေ့)

၁။ ၀၆:၀၃ တရားတော်

၂။ ၀၇:၁၆ မေတ္တာပို့

၃။ ၀၇:၂၀ ဓမ္မပူဇာတေး

၄။ ၀၈:၀၀ မောင်မယ်လေးများ သိစေချင်

၅။ ၀၉:၀၀ Soft Skill

၆။ ၁၁:၀၀ တစ်ချိန်က သူတို့အကြောင်း

၇။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု

၈။ ၁၃:၀၀ အမှတ်တရနေ့ရက်များ

၉။ ၁၄:၀၀ မှတ်သားလိုက်နာပုံပမာ

၁၀။ ၁၅:၀၀ ပန်းပေါင်းစုံစွာ အနုပညာ

၁၁။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြား သတင်း

၁၂။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ

၁၃။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း မီးလျှံငှက်တို့သန္နိဋ္ဌာန် (ဒုတိယပိုင်း) သရုပ်ဆောင်- ရန်အောင်၊ ရဲအောင်၊ စံရတီမိုးမြင့် ဒါရိုက်တာ-တုနှိုင်းခ**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေ

နေပြည်တော် မေ ၄

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများသို့သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပို့ချပေးမည့် အထက်တန်းပြဆရာ၊ ဆရာမများအား တက္ကသိုလ်ပါမောက္ခ၊ ဆရာ၊ ဆရာမများက ဘာသာရပ်ဆိုင်ရာ (TOT)သင်တန်း သင်ကြားပို့ချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ တက္ကသိုလ်ပါမောက္ခ၊ ဆရာ၊ ဆရာမများက ဘာသာရပ်အလိုက် သင်ကြားပို့ချပေးနေမှုများကို ကြည့်ရှုအားပေးပြီး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အတွက် ပညာရေးဝန်ကြီးဌာနက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ အလားတူ စာမေးပွဲပြန်လည်ဖြေဆိုကြရမည့် နေပြည်တော် ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်အစိုးရအဖွဲ့သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တရားမျှတမှု ရှိစေရန်အတွက် အခွင့်အရေးကို လက်လွတ်မခံဘဲ ကြိုးစား၍ပြန်လည်ဖြေဆိုကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို Naypyitaw State Academy၊ ပုသိမ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ စစ်တွေ တက္ကသိုလ်၊ ပဲခူးတက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေး တက္ကသိုလ်တို့မှ ပါမောက္ခ၊ ဆရာ၊ ဆရာမများက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက(၅)၊ အထက (၁၄)တို့တွင် အခြေခံပညာကျောင်းများနှင့်ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများမှ အထက်တန်းပြ ဆရာ၊ ဆရာမ များကို ဘာသာရပ်ဆိုင်ရာ(TOT)သင်တန်းကို မေလ ၂ ရက်မှ ၄ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိသည်။ အဆိုပါသင်တန်းအပြီးတွင် သင်ကြားသင်ယူခဲ့ကြသည့် ပါမောက္ခ၊ ဆရာ၊ ဆရာမများနှင့်အထက်တန်းပြဆရာ၊ ဆရာမများက နေပြည်တော်ရှစ်မြို့နယ်ရှိ သတ်မှတ်ထားသည့်အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကာ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည် ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်ဆိုင်ရာအနီးကပ်သင်တန်းများကို ကိုယ်တိုင် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဇမ္ဗူသီရိ မြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း သို့သွားရောက်၍ သင်ကြားသင်ယူနေမှုများကို ကြည့်ရှု အားပေးကာ တက္ကသိုလ်ပါမောက္ခ၊ ဆရာ၊ ဆရာမများ၊ အခြေခံပညာကျောင်းများနှင့်ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း များမှ အထက်တန်းပြဆရာ၊ ဆရာမများအား ရင်းရင်း နှီးနှီးတွေ့ဆုံအားပေးစကားပြောကြား၍ လိုအပ် သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနခွဲ(ရန်ကုန်)သို့ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး




ရန်ကုန် မေ ၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည်ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဌာနခွဲ (ရန်ကုန်)သို့သွားရောက်၍ ဧည့်ခန်းမ၌ ငလျင်ဘေး ဒဏ်သင့်လူနာများကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူနာများ အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးဝန်ထမ်း များအတွက် SUN Pharmaceutical Industry က လှူဒါန်းသော ငွေကျပ်သိန်း ၃၀၀ ကိုလည်းကောင်း၊ The Korea Foundation for International Healthcare (KOFIH) အဖွဲ့က လှူဒါန်းသည့် ငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း လက်ခံရယူ၍ ကျေးဇူးတင်စကားပြော ကြားကာ ဂုဏ်ပြုမှတ်တမ်းတင်လက်မှတ်ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ရှေးဦးစွာ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာရဲမြင့်က အစား အသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ(ရန်ကုန်)၌ လုပ်ငန်း များဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အင်အားပြင်းငလျင်ကြောင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန(ရုံးချုပ်) နေပြည်တော်၏ ဓာတ်ခွဲခန်းနှင့်ရုံးအဆောက်အအုံအချို့ ထိခိုက် ပျက်စီးမှုရှိခဲ့သဖြင့် ပြင်ဆင်နေသည့် အချိန်ကာလအတွင်း မူလလုပ်ငန်းများအရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရန် အချို့ ဝန်ဆောင်မှုများကို ရန်ကုန်ရုံးခွဲသို့ ယာယီပြောင်းရွှေ့ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ အစားအသောက်နှင့်ဆေးဝါးများကို စစ်ဆေး ဆောင်ရွက်ရာတွင် သတ်မှတ်ထားသော စံလုပ်ထုံးလုပ်နည်းများ နှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ကြရသော်လည်း အခြားသော ကြန့်ကြာနိုင်သည့်အကြောင်းရင်းများကို ရှာဖွေဆန်းစစ်ကာ လုပ်ငန်းများ ယခုထက်ပိုမိုမြန်ဆန်စေရေးအတွက် ပိုမိုကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့် လိုအပ်ချက်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြား ရေးမှူးချုပ်များက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ သည်။

ထို့နောက်ဆေးဝါးတက္ကသိုလ်-ရန်ကုန်၏ RC (၄)ထပ်ကျောင်းသူ အိပ်ဆောင်အား လှည့်လည်ကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူ များလုံခြုံစိတ်ချစွာပညာသင်ယူနိုင်ရေးအတွက် စာသင်ဆောင်များ၊ နေထိုင်မည့်အဆောင်များကြံ့ခိုင်မှုရှိစေရေး၊ အဆင်ပြေစွာနေထိုင်နိုင် ရေးနှင့်ကျောင်းသား၊ ကျောင်းသူများနေရာချထားရေးတို့အတွက် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါအဆောင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက် အဦအထူးအဖွဲ့(၂)က ၂၀၂၄ ခုနှစ် မေလမှစတင်၍ နိုင်ငံတော်၏ ရန်ပုံငွေကျပ် ၁၈၃၆ သန်းကို အသုံးပြုဆောက်လုပ်ခဲ့ရာ ၂၀၂၅ ခုနှစ် မတ်လတွင် ပြီးစီးခဲ့ကာ ကျောင်းသူဦးရေ ၁၁၀ နေထိုင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

မြဝတီ

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၇၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

## ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်

နေပြည်တော် မေ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှား နိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်း ဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက် နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေလ ၅ ရက်မှ ၁၁ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၅°C / ၃၃°C |
| ရန်ကုန် | ၂၅°C / ၃၅°C |
| မန္တလေး | ၂၃°C / ၃၄°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း

Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊

Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆




**ကုန်ခဲ့သွားသော စွမ်းအားများ**

**DAGON Malta Fresh**

**နဲ့ ဖြည့်စွမ်းထား**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




**မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း**




**အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်**

ရန်ကုန်၊ကျောက်တံခါး၊ပဲခူး၊ယကုန်း၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါးဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။ ၀၅၁-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

# မှော်ဘီမြို့နယ်၊ မိုးကြိုးပစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မိုးကြိုးပစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို မေလ ၃ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဇေတဝိကရာမကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။


ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၅ ပါးနှင့် ဒေသခံပြည်သူ ၁၄၃ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက သထုံမြို့နယ်၊ ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ သံကူကွန်ကရစ်အမျိုးအစား တံတားအမှတ်(၄/၁၃၆) အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက သထုံမြို့နယ်၊ ရန်ကုန်-မော်လမြိုင်ပြည်ထောင်စုကားလမ်းမပေါ်ရှိသံကူကွန်ကရစ်တံတားအမှတ် (၄/၁၃၆)အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။




**နေပြည်တော် မေ ၄**

အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ ရပ်တန့်စေရေးနှင့် နိုင်ငံတစ်ဝန်းရှိပြည်သူများ စိတ်အေးချမ်းသာစွာ ခရီးသွားလာနေမှုများကိုမလိုလား၍ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်းနှင့် အကြမ်းဖက်လုပ်ရပ်အမျိုးမျိုးကို ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့နံနက်အစောပိုင်းတွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ်၊ ၁၃၅/၇ နှင့် ၁၃၆ အကြား အရှည် ၃၇ ပေ၊ အကျယ် ၄၈ ပေ၊ ခံနိုင်ဝန်တန် ၆၀ ရှိ သံကူကွန်ကရစ်အမျိုးအစား တံတားအမှတ်(၄/၁၃၆)အား မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် အဆိုပါ သံကူကွန်ကရစ်တံတားမှာ ကမ်းကပ်ခုံအနီးမှ အထက်ပိုင်းကျိုးကျပျက်စီးခဲ့ပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်းနှင့် ထိုသို့ ပျက်စီးသွားသည့်တံတားအား တာဝန်ရှိသူများက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါသံကူကွန်ကရစ်တံတားအား KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် တစ်ကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် တစ်ကြိမ် မိုင်းထောင်ဖောက်ခွဲခဲ့ပြီး ယနေ့ဖောက်ခွဲခဲ့မှုမှာ တတိယအကြိမ်မြောက် ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ ထိုသို့ မိုင်းထောင်ဖောက်ခွဲမှုကြောင့် မော်တော်ယာဉ်များ၊ ဆေးရုံကားများ၊ ကျောင်းကားများ၊ ဈေးကားများ သွားလာနိုင်မှုမရှိဘဲ ပြည်သူလူထုမှ ၎င်းတို့၏လုပ်ရပ်အပေါ် လွန်စွာရွံမုန်းလျက်ရှိကြောင်းသိရှိရပြီး မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို လိုအပ်သည့်တုံ့ပြန်မှုများ ပြုလုပ်နိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက သထုံမြို့နယ်၊ ရန်ကုန်-မော်လမြိုင်ပြည်ထောင်စုကားလမ်းမပေါ်ရှိ သံကူကွန်ကရစ်တံတားအမှတ် (၄/၁၃၆)အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

(၁၀၀)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၀၅ | ၃၂၅၀ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၁၀ | ၃၀၃၀ | ၃၂၈၅ |
| 95 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| HSD (500 ppm) | ၂၄၇၀ | ၂၅၈၅ | ၂၅၅၀ | ၂၄၈၅ | ၂၅၉၀ | ၂၆၀၅ | ၂၆၂၅ | ၂၅၄၀ | - | ၂၈၃၅ | ၂၅၆၀ | ၂၅၆၀ | ၂၆၃၀ | ၂၅၉၅ | ၂၆၂၀ | ၂၈၇၅ |
| HSD (50 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | ၄၈၃၀ | ၃၄၃၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၂၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | - | ၃၄၃၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၂၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၈ | ၂၈၀၆ |
| 95 Ron | ၂၇၇၃ | ၂၈၆၂ |
| HSD (500 ppm) | ၂၃၁၈ | ၂၃၉၄ |
| HSD (50 ppm) | ၂၈၈၂ | ၂၉၆၉ |
| HSD (10 ppm) | ၂၈၈၂ | ၂၉၆၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်

● **ကျောဖုံးမှအဆက်**

Hino Profia Truck (၁)စီး၊ Shwe Chan Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၄၁၈၃၂၆၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ ရွှေဇင်ယော်ရပ်ကွက်၊ ပျဉ်းမလမ်းထိပ်၊ ဒေသငါးဖမ်းလှေဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၆၀၅၀၀၀၀၀)ကိုလည်းကောင်း၊ ကော့သောင်းမြို့၊ ရွှေဟသာၤရပ်ကွက်၊ ရွာမလမ်း၊ အမှတ်(၄)ရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၀၀၃၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ(၈)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၉၉၈၇၂၇)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၉၉၈၇၂၇)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


**မေလ ၂ ရက်နှင့် ၃ ရက်တို့**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့၊ ကျော်ထက်မီးပွိုင့်အနီး၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ စစ်ကိုင်းမြို့၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၅၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၈၃၁၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**မေလ ၃ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကလိစစ်ဆေးရေးဂိတ်၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၈၂၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) နှင့်ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၈၀၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Ngwe Kyair Sin Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင်နှင့်ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၁ ဒသမ ၇၃၈)တန်၊ အခြားသစ်(၄၀ ဒသမ ၁၃၇)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၆၇၆၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၅၉၈၇၆၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေကြက်ယက်ဆိပ်ကမ်း၌မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၉၈၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၂၉၈၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေလ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၅၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၂၀၃၀၂၄၇)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက်ရသင့်ရထိုက်သည့်အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **မြဝတီ**

# ဝန်ထမ်းအိမ်ရာများဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ယမန်နေ့က မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်အင်ဂျင်နီယာချုပ်ရုံးနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့်ဝန်ထမ်းအိမ်ရာများအတွက် ယာယီရုံးခန်းနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေမှု၊ ယာယီနေရာချထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံအမှတ်(၁)၊ ဓာတ်အားခွဲရုံအမှတ်(၃)၊ ဓာတ်အားခွဲရုံအမှတ်(၆)နှင့် ဝဏ္ဏသိဒ္ဓိအားကစားဓာတ်အားခွဲရုံများသို့ သွားရောက်၍ Control Room နှင့် Switch Yard အတွင်း ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ဓာတ်အားလွှတ်ပစ္စည်းများ ပြန်လည်ပြင်ဆင်၍ ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးထားမှုအခြေအနေများ၊ ဓာတ်အားခွဲရုံဝန်ထမ်းအိမ်ရာများထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ယာယီနေရာချထားပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဓာတ်အားခငွေလက်ခံကောင်တာနှင့် ဝန်ထမ်းအိမ်ရာများ၏ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ထိခိုက်ပျက်စီးခဲ့မှုများအတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများနှင့် ဓာတ်အားခငွေလက်ခံကောင်တာဖွင့်လှစ်ထားရှိမှုအခြေအနေ၊ ယာယီရုံးခန်းနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံအသစ်များတည်ဆောက်ပေးလျက်ရှိသည့် အခြေအနေများကိုရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက်ဒုတိယဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိအားကစားဓာတ်အားခွဲရုံဝင်းအတွင်းရှိ နေပြည်တော်အင်ဂျင်နီယာချုပ်ရုံးယာယီပြောင်းရွှေ့ ဖွင့်လှစ်ထားသည့် ADMS အဆောက်အအုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ယာယီရုံးခန်းဖွင့်လှစ်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ ဝန်ထမ်းများနှင့်မိသားစုဝင်များ ယာယီပြောင်းရွှေ့နေထိုင်မှုအခြေအနေများ၊ ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ ထိခိုက်ပျက်စီးမှုအခြေအနေများ ပြန်လည်ပြုပြင်ပြီးစီး၍ ပုံမှန်ဓာတ်အားဖြန့်ဖြူးပေးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မေလ ၃ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Lwin Han Ko” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ်၊ မင်းပြင်ကျေးရွာနေ လှမင်းဦး(ခ)လှကြီးအား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် သစ်ပုတ်ပင်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ **သစ်တောသစ်ပင်များကို ချစ်မြတ်နိုးကြရန်၊ တစ်ပင်ခိုက်တစ်ပင်ရှင်ရမည်ဟူသည့်စိတ်မွေး၍ ဆောင်ရွက်ကြရန် . . .**

❖ **အနာဂတ်တွင် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်ရေး သစ်ပင်များကို စနစ်တကျဖြင့်ရှင်သန်ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

## ဆောင်းပါး

### သမိုင်းမှတ်တမ်းများကပြောသော မီးသတ်တပ်ဖွဲ့နေ့



စာ - ၁၃ သို့

. . . . . . . . . . . . . . . .



### တောင်သူစီးပွားတိုးတက်ဖို့ နှမ်းသီးနှံကိုစိုက်ကြပါစို့

စာ - ၂၅ သို့

### အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်းတွင် ရေကြီးမှုများဖြစ်ပွား အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရ

စာ - ၂၃ သို့

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များဖမ်းဆီးရမိ



တနင်္သာရီတိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။





ရှမ်းပြည်နယ်၌ဖမ်းဆီးရမိမှု။

**နေပြည်တော် မေ ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**မေလ ၂ ရက်**တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း(၅၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၇၅၀၀၀)ကိုလည်းကောင်း၊ ဟိုပုံးတပ်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၄၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၄)မျိုး၊ စားသောက်ကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၅၉၀၈၂၆၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၅)စီး၊ Nissan Diesel Truck (၄)စီး၊

**စာမျက်နှာ ၁၀ ကော်လံ ၁** ●

# သာစည်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် မေ ၄**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်းဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီလ ၂၉ ရက် ည ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် အောင်ပန်းမှ ရန်ကုန်သို့ တင့်ဖော်လင်း(ခ)တင့်ဖော်မောင်းနှင်ပြီး မဇာနည်လင်း လိုက်ပါလာသည့် MITSUBISHI FUSO ၆ ဘီးမော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၂ သိန်း ဖမ်းဆီးရမိခဲ့သည်။

**စာမျက်နှာ ၁၀ ကော်လံ ၂** ❑

## တနင်္ဂနွေနေ့ ဘောလုံးပွဲရလဒ်များ

**အင်္ဂလန်ပရီးမီးယားလိဂ်**

| | | |
|---|---|---|
| ဘရန့်ဖို့ | ၄ - ၃ | မန်ယူ |
| ဘရိုက်တန် | ၁ - ၁ | နယူးကာဆယ် |
| ဝက်စ်ဟမ်း | ၁ - ၁ | စပါး |
| ချဲလ်ဆီး | ၃ - ၁ | လီဗာပူး |

**စပိန်လာလီဂါ**

| | | |
|---|---|---|
| ဗယ်လာဒိုးလစ် | ၁ - ၂ | ဘာစီလိုနာ |
| ရီးယဲလ် | ၃ - ၂ | ဆဲလ်တာဗီဂို |
| ဆီဗီလာ | ၂ - ၂ | လီဂါနက် |
| အက်စပန်ညို | ၁ - ၂ | ဘက်တစ် |

